# ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ အင်္ဂါနေ့၊ (14-12-2010) (၆၆၁၂)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေးဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှတ်(၄)သံမဏိစက်ရုံ(မြင်းခြံ)နှင့် ရောဝတီတံတား(ပခုက္ကူ)စီမံကိန်းများ ကြည့်ရှုစစ်ဆေး

## အနာဂတ်တွင် တိုးတက်လာမည့် နိုင်ငံတော်အတွက် လိုအပ်မည့် သံနှင့် သံမဏိပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် ရောဝတီတံတား(ပခုက္ကူ)၏ ရထားလမ်းနှင့် ကားလမ်း တစ်ပြိုင်နက် ပြီးစီးရေး ညှိနှိုင်းဆောင်ရွက်ရန် မှာကြား

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဒီဇင်ဘာ ၁၂ ရက်တွင် ရဟတ်ယာဉ်များဖြင့် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၂ နာရီတွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ရောဝတီတံတား(ပခုက္ကူ) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



The Mirror

၁၄-၁၂-၂၀၁၀
(အင်္ဂါနေ့)

# ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ အလေးထားထိန်းသိမ်း

မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့ပြီ။ နိုင်ငံနှင့်လူမျိုးယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းကြရပေမည်။ မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမရှိပါက အမျိုးဂုဏ် ဇာတိဂုဏ်လျော့ပါးပြီး နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် ခေတ်မီဆက်သွယ်ရေး နည်းပညာများနှင့်အတူ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုများ ပေါ်ပေါက်လျက်ရှိသည်။ ပြည်ပယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ တေးဂီတ၊ အနုပညာ၊ အဆို၊ အက၊ ဝတ်စားဆင်ယင်မှု၊ အတွေးအခေါ်နှင့် လူနေမှုစရိုက် စသည်တို့ ပျံ့နှံ့လာလျက်ရှိသည်။

သိပ္ပံနှင့် နည်းပညာများ၊ အတတ်ပညာရပ်များ၊ အတွေးအခေါ်၊ အသိအမြင် ဗဟုသုတများ ခေတ်နှင့်အညီ တိုးတက်မြင့်မားလာခြင်းသည် ကောင်းသော လက္ခဏာရပ်ဖြစ်သည်။ သို့သော် ပြည်ပမှ တေးဂီတသီဆိုတင်ဆက်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် နေထိုင်ဆက်ဆံကျင့်သုံးမှုတို့ကို တစ်သဝေမတိမ်း အတုယူ ပြောင်းလဲကျင့်သုံးမှုသည် မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသဖြင့် သတိပြုဆင်ခြင်ကြရပေမည်။

အထူးသဖြင့် မိန်းကလေးငယ်များ၏ လူနေမှုပုံစံများ ရဲတင်းပွင့်လင်းလာနေသည်။ လှုပ်ရှားသွားလာမှုများသည် အပျော်အပါးနှင့် စိတ်ခံစားမှုနောက် လိုက်လွန်းသဖြင့် မိမိတို့၏ တန်ဖိုးထားရမည့် အလေ့အထများ ပျောက်ကွယ်လုနီးပါးဖြစ်လာပြီ။ စီးပွားရေးနယ်ပယ်၊ ဖျော်ဖြေရေးနယ်ပယ်တို့တွင် ယဉ်ကျေးသိမ်မွေ့သော မြန်မာအမျိုးသမီးကလေးများ၏ စိတ်နှလုံးသား အရောင်စွန်းထင်းမှုမရှိစေရေး ထိန်းသိမ်းကြရန် လိုအပ်မည်ဖြစ်သည်။

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ယဉ်ကျေးမှုအမြင်မတင့်တယ်သည့် မလုံမခြုံဝတ်စားဆင်ယင်နေမှု၊ ရိုးရာဓလေ့စရိုက်နှင့် မကိုက်ညီသည့် ပြုမူပြောဆိုနေမှု၊ ဟီရိသြတ္တပ္ပကင်းမဲ့သည့် နေထိုင်ဆက်ဆံမှုများ မပြုလုပ်ကြစေရေး ဝိုင်းဝန်းထိန်းသိမ်းသွားကြရပေမည်။

ကမ္ဘာ့ရွာကြီးထဲတွင် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ ယိမ်းယိုင်နိုင်သည့် အနေအထား လွယ်ကူစွာဖြစ်ပေါ်နိုင်သည်။ မြန်မာ့ယဉ်ကျေးမှု လူမှုရေးတံတိုင်းကို ခိုင်ခိုင်မာမာ ကာရံတည်ဆောက်ကြရပေမည်။ အမျိုးကိုချစ်သည့်စိတ်ထား၊ အမျိုးစောင့်တရား ရင့်သန်ကြံ့ခိုင်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သွားကြရပေမည်။ လူငယ်လူရွယ်များအနေဖြင့် ပြည်ပလူနေမှုဓလေ့စရိုက်နှင့် ဝတ်စားဆင်ယင်မှုများကို အတုယူမမှားကြဘဲ မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို ထာဝစဉ် မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မင်းပြားနှင့် မြေပုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၃

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၆ ရက်က မင်းပြား-မြေပုံကားလမ်းကို ကြည့်ရှုစစ်ဆေးပြီး လမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လမ်းဖောက်လုပ်နေမှု အခြေအနေများနှင့် ကားလမ်းတစ်လျှောက် တံတားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြ၍ တင်ပြချက်များအပေါ် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။**

ယင်းနောက် မင်းပြားမြို့နယ် ကျောက်ခုတ်ကျေးရွာ၊ တောင်ရှင်ပြင်ကျေးရွာ၊ ခမောင်းတောကျေးရွာများနှင့် မြေပုံမြို့နယ် ဝက်ခေါင်းကျေးရွာနှင့် ခေါင်းဖြူကျေးရွာများသို့ သွားရောက်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များမှာကြားခဲ့ပြီး အမိုး တာလပတ်စများနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့သည်။

ထို့နောက် မြေပုံမြို့နယ် တောင်ပေါ်ရပ်ကွက် စိုက်ပျိုးရေးစခန်းရှင်းလင်းဆောင်၌ ကျင်းပသည့် ဆောင်းသီးနှံပဲမျိုးစုံ မျိုးစေ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးရာ တာဝန်ရှိသူတစ်ဦးက ဆောင်းသီးနှံစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဒေသခံတောင်သူများအတွက် ဆောင်းသီးနှံပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် မြေပုံမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# လှော်ကားကန် မြေအောက်ပိုက်လိုင်းများ သွယ်တန်းနေမှု မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၃

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ဌာနမှူးများလိုက်ပါ၍ ဒီဇင်ဘာ ၁၁ရက် နံနက်က မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာအနီး အမှတ်(၃)လမ်းသို့ သွားရောက်ပြီး အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်လျက်ရှိသော လှော်ကားကန် ရေအားဖြည့်တံခွန်တိုင် ရေပေးဝေရေးစီမံကိန်း၏ အချင်း ၄၈ လက်မရှိ Glass fibre Reinforcement Pipe (GRP) မြေအောက်ပိုက်လိုင်းများ သွယ်တန်းဆက်သွယ်ဆောင်ရွက်နေမှုနှင့် ဆက်သွယ်သည့် ပိုက်ဆက်များ ခံနိုင်ရည် အရည်အသွေး စမ်းသပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။**

ဆက်လက်၍ မြို့တော်ဝန်သည် တံခွန်တိုင် ရေပေးဝေရေးစီမံကိန်းသို့ ထွက်ခွာလာပြီးနောက် ရေတွန်းစက်ရုံ၊ ရေဂါလန်ရှစ်သိန်းဆံ့ ရေစုပ်ကန်၊ ရေဂါလန်ရှစ်သန်းဆံ့ အကြိုအနည်ထိုင်ကန်များ တည်ဆောက်နေမှုနှင့် တံခွန်တိုင်ချောင်းမှ ရေသွယ်ယူမည့် ရေမြောင်းဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)ဌာနမှူး ဦးသန်းထိုက်၊ ဒုတိယဌာနမှူး ဦးအောင်ဆန်းဝင်းနှင့် စီမံကိန်းမန်နေဂျာ လက်ထောက်ဌာနမှူး (အင်ဂျင်နီယာ) ဦးမျိုးသိန်းတို့က လိုက်လံရှင်းလင်းပြသကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဌာနမှူးက လှော်ကားကန်အတွင်းသို့ တစ်ရက်လျှင် ရေဂါလန် သန်း ၂၀ ဖြည့်တင်းပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများနှင့် ရန်ကုန်မြို့သို့ သောက်သုံးရေ ထပ်မံဖြည့်တင်းပေးဝေနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်သည် မှော်ဘီမြို့နယ် ညောင်နှစ်ပင် စခန်းအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း ရေသန့်စင်စက်ရုံ၌ ရန်ကုန်မြို့သို့ ဒုတိယအဆင့်နေ့စဉ် ရေဂါလန် ၄၅ သန်း ထပ်မံဖြည့်တင်းပေးဝေနိုင်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ အမြန်ပြီးစီးရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(၁၉)

# ကံမမြို့နယ် ကျောင်းပေါင်းစုံ အာစရိယပူဇော်မည်

**ကံမ ဒီဇင်ဘာ ၁၃**

ကံမမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ကံမမြို့နယ်အသင်း (ရန်ကုန်)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းအားလုံးတို့မှ အသက်(၆၅)နှစ်နှင့်အထက် အငြိမ်းစား ဆရာ၊ ဆရာမ ၁၁၀ တို့အား အာစရိယပူဇော်ပွဲကို ကံမ အထက မြဝတီခန်းမ၌ ဒီဇင်ဘာ ၃၁ရက်(သောကြာနေ့) နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ဦးဇော်မိုးလွင် ဖုန်း-၀၉-၅၀၇၆၈၂၆နှင့် ဦးသိန်းလွင် ဖုန်း-၀၆၈-၅၀၀၆၅တို့ထံ ကြိုတင်ဆက်သွယ်နိုင်သည်။

ကံမမြို့နယ်အသင်း (ရန်ကုန်) က ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်ရာ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်(ငြိမ်း) ဖုန်း-၀၉၅၁-၃၈၅၅၀၊ ဦးအောင်တိုး ဖုန်း-၀၉-၅၀၆၆၃၈၉၊ ဦးစိုးငြိမ်း ဖုန်း-၅၁၇၄၆၆၊ ဦးသိန်းတန် ဖုန်း-၅၀၄၉၁၀၊ ဦးအေးလွင် ဖုန်း-၅၂၆၆၃၈နှင့် ဦးခင်ဇော် ဖုန်း-၀၉-၅၀၇၃၇၆၄တို့ထံ ကြိုတင်ဆက်သွယ် လှူဒါန်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ကလေး)မှ ဦးဆောင်ကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၆ ရက်က ကလေးမြို့ အထက (၃) ခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)








# နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)သို့ သစ်တောဦးစီးဌာနဝန်ထမ်းများ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများက နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)သို့ ဆေးရုံသုံးပစ္စည်းများနှင့် လူနာများအား အာဟာရဒါန အကြိမ်(၁၀၀) မြောက် လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က တနင်္ဂနွေနေ့တိုင်း ဆေးရုံရှိ လူနာများအား အာဟာရဒါန အကြိမ်(၁၀၀)မြောက် လှူဒါန်းခြင်းနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရခြင်း အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများက ဆေးရုံကြီးအတွက် စုစုပေါင်းငွေကျပ် ခုနစ်သိန်းကျော်တန်ဖိုးရှိ ဆေးရုံသုံး သံမဏိနှစ်ဆင့်ဗီရိုတစ်လုံး၊ အောက်ဆီဂျင်(၁၀)လီတာ နှစ်ဘူးနှင့် Nebulizer နှစ်ဘူးတို့ကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဆေးရုံရှိ လူနာများအား အာဟာရဒါန အကြိမ် (၁၀၀)မြောက် ကျွေးမွေးလှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး (၁၄)ကြိမ်မြောက် အာဆီယံ လူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်များနှင့် ကောင်စစ်ရေးရာဌာနမှူးများအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံ လူဝင်မှုကြီးကြပ်ရေးထောက်လှမ်းရေးဆိုင်ရာဆွေးနွေးပွဲ အစည်းအဝေးဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဦးမောင်ဦး (၁၄)ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်များနှင့် ကောင်စစ်ရေးရာဌာနမှူးများအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ထောက်လှမ်းရေးဆိုင်ရာ ဆွေးနွေးပွဲအစည်းအဝေး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၁၄)ကြိမ်မြောက် အာဆီယံလူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးချုပ်များနှင့် ကောင်စစ်ရေးရာဌာနမှူးများ အစည်းအဝေး(DGICM)နှင့် (၆)ကြိမ်မြောက် အာဆီယံ လူဝင်မှုကြီးကြပ်ရေးထောက်လှမ်းရေးဆိုင်ရာ ဆွေးနွေးပွဲ(AIIF) အစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်မင်္ဂလာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများ၊ အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးမောင်ဦးက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် (၁၄)ကြိမ်မြောက် (DGICM)အစည်းအဝေးနှင့် (၆)ကြိမ်မြောက် (AIIF)အစည်းအဝေးတို့ကို ရွှေနန်းတော်ဟိုတယ် Lake View Hall ၌ အစည်းအဝေးအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြသည်။

ညပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်က အစည်းအဝေး တက်ရောက်လာကြသူများအား ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၄-၁၂-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၄။ ပြီးပါပြီ။

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၆။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၄:၂၀ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၂၅ ၈။ အင်္ဂလိပ်စာသုတ
၄:၃၅ ၉။ မျိုးချစ်တပ်မတော်
၄:၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၄၄)**
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၅။ သူတို့နှင့်သူတို့အကြိုက်
၆:၃၀ ၁၆။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၁၆)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ဟာသရုပ်စုံ -အားကစားလဒီဇင်ဘာ (စီစီအဖွဲ့နှင့်စတား ကောင်းထက်အဖွဲ့) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၂၃။ မွေးမြူသုတ
၂၄။ တစ်လအတွင်းအကြိုက်ဆုံး ဗီစီဒီတေးများ
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၁၆)**
၂၇။ **Mini Series**
၂၈။ သင့်အတွက်မနက်ဖြန်
၂၉။ အပိတ်နှုတ်ဆက်စကား
၃၀။ ပြီးပါပြီ။

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား China National Aero-Technology Import & Export Corporation(CATIC) အဖွဲ့မှ Vice President Mr. Liu Jianhai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၄၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swe Sone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ပြည်တွင်း၌ ဗီဒီယိုဖုန်းစနစ်ကို ပထမဆုံး ဝန်ဆောင်မှုပေးမည်၊ အိန္ဒိယနှင့် ဆက်သွယ်မည့် စီမံကိန်းအတွက် စစ်တွေဆိပ်ကမ်းတည်ဆောက်မှု စတင်၊ အိန္ဒိယက မြန်မာအပါအဝင် ငါးနိုင်ငံကို ဆိုက်ရောက်ဗီဇာထုတ်ပေးမည်၊ နေပြည်တော်၌ ဖုန်းအမျိုးအစား အားလုံးအသုံးပြုနိုင်ရန် ဆောင်ရွက်မည်၊ ပုဂံမြို့ဟောင်းနှင့် အန်ကောဝပ်ဘုရားကျောင်းသို့ တိုက်ရိုက်ပျံသန်းရန် နှစ်နိုင်ငံလေကြောင်းလိုင်းများ စီစဉ်၊ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တွင် ငါးပြတိုက်ဖွင့်လှစ်မည်၊ မော်တော်ယာဉ်လိုင်းများတွင် Smart Card စနစ် မကြာမီအသုံးပြုနိုင်ရန် စီစဉ်၊ ဗန်းမော်တွင် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး နယ်မြေတစ်ခု အကောင်အထည်ဖော်မည်၊ ထိုင်း-မြန်မာ ဘုရားသုံးဆူဂိတ် ပြန်လည်ဖွင့်လှစ်၊ ရန်ကုန်မြို့လယ် ၁၆ လမ်းတွင် စပါးအုံးမြွေကြီးတစ်ကောင် ဖမ်းမိခဲ့၊ ပြည်တွင်း၌ ပထမဆုံးသီးသန့် ကျောက်ကပ်သန့်စင် ဆေးခန်းသစ် ဖွင့်လှစ်၊ မြန်မာသဘော်သား ၂၃ ဦး ပါဝင်သောသင်္ဘောကို ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲ၊ ရန်ကုန်၊ မန္တလေး၌သာ သုံးနိုင်သော ငါးသိန်းတန်ဖုန်းများ တစ်နိုင်ငံလုံးသို့ သယ်ယူအသုံးပြုနိုင်ရန် လိုင်းဖွင့်ပြီ၊ ASEAN Cyberkids Camp 2010 ပြိုင်ပွဲတွင် မြန်မာကျောင်းသားများ ပထမဆုရရှိခဲ့၊ ဂျပန်တွင် ကျင်းပသည့် အာရှနိုင်ငံတကာလူငယ်ရုပ်ရှင်ပွဲတော်၌ မြန်မာက ဆုနှစ်ဆုရရှိ၊ အင်္ဂလန်နိုင်ငံသားနှစ်ဦး၏ မင်္ဂလာဆောင်အခမ်းအနားငွေဆောင်ကမ်းခြေတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်၊ ဟိုချီမင်းစီးတီးသို့ ခရီးတစ်ခေါက်၊ ဝီကီလိစ်ခ် ဝက်ဘ်ဆိုက်ပိုင်ရှင်က မြေအောက် ပေ ၁၀၀ အနက် နျူကလီးယားဗုံးခိုကျင်းဟောင်း၌ ဂျိမ်းစဘွန်းရုပ်ရှင်ကဲ့သို့ စခန်း တည်ဆောက်ထား၊ အမေရိကန်မှ ပုဂ္ဂလိကကုမ္ပဏီက အာကာသခရီးသွားလုပ်ငန်းအတွက် ပထမဆုံးပုဂ္ဂလိကပိုင် အာကာသယာဉ်တစ်စင်းကို ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်၊ နေမှန်တိုင်းကြီး ကမ္ဘာသို့ ဦးတည်လာဟုဆို၊ Facebook ဝက်ဘ်ဆိုက်တည်ထောင်သူ ၂၆ နှစ်သားဘီလျံနာသူဌေးက သူပိုင်ငွေကြေးတစ်ဝက်ကို လှူဒါန်းမည်၊ ချီလီနိုင်ငံ၌ အကျဉ်းထောင်မီးလောင်၍ အကျဉ်းသား ၈၁ ဦးသေဆုံး၊ ဝီကီလိစ်ခ်ထူထောင်သူ အဖမ်းခံရပြီး နောက်ဆက်တွဲဖြစ်ရပ်များ၊ ဗီးနပ်စ်ဂြိုဟ်သို့ လွှတ်တင်သည့် ဂျပန်အာကာသယာဉ် အရှိန်လွန်ကာ နေလုံးက ဝါးမျိုသွား. . ." စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပါအဝင် ဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လူငယ်(ရေကြောင်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

လူငယ်(ရေကြောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ဓနုဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေများကို ဦးအောင်ချိုမင်း ဖုန်း-၀၉-၈၀၃၄၆၈၆၊ ဒေါ်ခင်မာမာချို ဖုန်း-၀၉-၉၉၇၃၇၃၄၆၊ ဒေါ်အိအိသန့် ဖုန်း-၀၉-၅၁၃၀၁၉၆၊ ဦးဖုန်းမော် ဖုန်း-၂၄၉၇၄၉၊ ဦးဟန်ထွေးအောင် ဖုန်း-၀၉-၅၁၀၅၈၁၅၊ ဒေါ်ကေသီဦး ဖုန်း-၅၂၄၆၂၈၊ ဦးကျော်ရင် ဖုန်း-၀၉-၈၆၁၆၈၁၃၄၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀၄၅၆၉၁ နှင့် ဦးအောင်နိုင်(ဗဟန်း) ဖုန်း-၀၉-၅၀၄၇၁၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား CATIC အဖွဲ့မှ Vice President ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား China National Aero-Technology Import & Export Corporation (CATIC) အဖွဲ့မှ Vice President Mr. Liu Jianhai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ထုတ်လုပ်သော ARJ-21 အမျိုးအစား ဂျက်လေယာဉ်ထုတ်လုပ်မှု၊ စမ်းသပ်ပျံသန်း ဆောင်ရွက်နေမှု၊ လေယာဉ်များဈေးကွက်သို့ တင်ပို့ရောင်းချရန် စီစဉ်နေမှု စသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော မြို့တော်ခန်းမ အဝင်လမ်းရှိ Flower Box တွင် သစ်သား Tree Guard ကာရံခြင်းလုပ်ငန်းအား တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးဌေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဦးတင်မောင် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# အလက(၃) တာမွေနှင့် အထက(၅) မင်္ဂလာတောင်ညွန့် (စိန်မိုက်ကယ်ကျောင်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

စိန်မိုက်ကယ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ၂၀၁၁ ခုနှစ် (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာစိန်မြင့်မောင် ဖုန်း-၀၁-၇၂၆၈၈၅၊ ဦးမောင်မောင်အေး ဖုန်း-၀၉-၅၁၆၆၈၄၇၊ ဦးချာလီချီးယား ဖုန်း-၀၁-၂၉၈၃၅၁၊ ဦးဖေဇော်ဝင်း ဖုန်း-၀၉-၅၁၄၆၁၄၂၊ ဒေါက်တာဝင်းအောင် ဖုန်း-၀၁-၂၉၂၃၅၀၊ ဦးရွှေရ ဖုန်း-၀၉-၅၁၇၅၆၆၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)



# ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေး ဂျာမနီနှင့် အိန္ဒိယ ပူးပေါင်းကြိုးပမ်းမည်

ဘာလင် ဒီဇင်ဘာ ၁၃

**ကုလသမဂ္ဂအဖွဲ့ကို ပြုပြင်ပြောင်းလဲရေးနှင့် လုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင်များအဖြစ် ပါဝင်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့က ပူးပေါင်းကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၂ ရက် သတင်းများတွင် ဖော်ပြသည်။**

ကုလသမဂ္ဂကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ရေးအတွက် မိမိတို့နှစ်နိုင်ငံသည် လုံခြုံရေးကောင်စီတွင် နှစ်နှစ်သက်တမ်းရှိ အလှည့်ကျအဖွဲ့ဝင်များအဖြစ် ထမ်းဆောင်ခိုက်တွင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ဂျာမနီ အဓိပတိ အင်ဂျလာမာကယ်လ်တို့က **(ဝဲပုံ)** ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ကမ္ဘာပေါ်၌ လက်ရှိဖြစ်ပေါ်နေသော ပကတိအရှိတရားများအလိုက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နေရာများနှင့် အမြဲတမ်းမဟုတ်သော ယာယီအဖွဲ့ဝင်နေရာများကို တိုးချဲ့သင့်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အလှည့်ကျအဖွဲ့ဝင်များအဖြစ် ရွေးချယ်ခံထားရသော အိန္ဒိယနှင့် ဂျာမနီနိုင်ငံတို့သည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် စတင်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံနှင့် ဂျာမနီနိုင်ငံအကြား အဆင့်မြင့်နည်းပညာ၊ နျူကလီးယားစွမ်းအင် စသောနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက ထုတ်ဖော်ပြောကြားခဲ့သည်။ **အင်တာနက်။**



# အငြင်းပွားမှုတစ်ရပ်ကြောင့် စိတ်မထိန်းနိုင်၍ နီပေါအိမ်ရှေ့စံဟောင်း သေနတ်ပစ်ဖောက်ခဲ့

**ခတ္တမန္ဒူ ဒီဇင်ဘာ ၁၃**

ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေစခန်းတစ်ခု၌ နီပေါ တော်ဝင်မိသားစု၏ အခန်းကဏ္ဍနှင့်ပတ်သက်သည့် ဧည့်သည်များနှင့် အငြင်းအခုံဖြစ်ပွားခဲ့ပြီးနောက် လေထဲသို့ သေနတ်ပစ်ဖောက်မှု လုပ်ဆောင်ခဲ့ကြောင်း နီပေါအိမ်ရှေ့မင်းသားဟောင်း ပါရက်စ်ရှားက ယနေ့ထုတ်ဖော်ပြောကြားသည်။

လွတ်လပ်ပေ့ါပါးသော ဘဝနေထိုင်မှုပုံစံကြောင့် နာမည်ကျော်ခဲ့သည့် နီပေါအိမ်ရှေ့မင်းသားသည် ဒီဇင်ဘာ ၁၀ ရက်က ဧည့်သည်များနှင့် အငြင်းပွားရာတွင် စိတ်မထိန်းနိုင်ဖြစ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ချစ်တဝမ် အမျိုးသားဥယျာဉ်ရှိ တိုက်ဂါးတော့ပ်အပန်းဖြေစခန်း၌ ၎င်း၏အနီးသို့ ဧည့်သည်နှစ်ဦး ချဉ်းကပ်လာကာ အိမ်ရှေ့မင်းသားဘဝ အခန်းကဏ္ဍနှင့် ပတ်သက်၍ မဟုတ်တမ်းတရား ပြောကြားမှုကြောင့် ဒေါသထွက်ကာ လေထဲသို့ သေနတ်ပစ်ဖောက်မှုလုပ်ခဲ့ကြောင်း ပါရက်စ်ရှားက ပြောကြားသည်။

နှစ် ၂၄၀ သက်တမ်းရှိ နီပေါ ဟိန္ဒူမင်းဆက်ကို ၂၀၀၈ ခုနှစ်တွင် ဖျက်သိမ်းခဲ့သော်လည်း တော်ဝင်မိသားစု၏ အရှိန်အဝါမှာကြီးမားဆဲ၊ ထင်ရှားဆဲဖြစ်ရာ အိမ်ရှေ့မင်းသားဟောင်း စိတ်မထိန်းနိုင်၍ လေထဲ သေနတ်ပစ်ဖောက်မှုကို တနင်္လာနေ့ သတင်းစာများတွင် အထူးတလည်ဖော်ပြခဲ့သည်။ **အေအက်ဖ်ပီ။**

# အန္တာတိကရေပြင်၌ ကိုရီးယားငါးဖမ်းသင်္ဘောနစ်မြုပ်၍ ၂၂ ဦးသေဆုံး

ဝယ်လ်လင်တန် ဒီဇင်ဘာ ၁၃

**တောင်ကိုရီးယား ငါးဖမ်းသင်္ဘောတစ်စင်းသည် အန္တာတိကသမုဒ္ဒရာရေပြင်၌ ဒီဇင်ဘာ ၁၂ ရက်က ရုတ်တရက် နစ်မြုပ်ခဲ့ရာ သင်္ဘောပေါ်တွင် လိုက်ပါသော ငါးဖမ်းလုပ်သား ၄၂ ဦး အနက် ၂၂ ဦးသေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။**

အင်ဆွန် (၁)အမည်ရှိ ယင်းငါးဖမ်းသင်္ဘောသည် ရေခဲစိုင်တစ်ခုကို တိုက်မိ၍ နစ်မြုပ်ခဲ့ခြင်း ဖြစ်ဖွယ်ရှိကြောင်း သင်္ဘောအားပိုင်ဆိုင်သည့် ကုမ္ပဏီက ပြောကြားခဲ့သည်။

အင်ဆွန်(၁)သင်္ဘောပေါ်မှ သင်္ဘောသား ၂၂ ဦးတို့သည် အသက်အန္တရာယ်မှ လွတ်မြောက်ရန် ကြိုတင်ပြင်ဆင်ချိန်ပင်မရခဲ့ကြောင်း၊ ရေခဲတမျှအေးစက်နေသော ရေပြင်ထဲ၌ လူတစ်ယောက် အနေဖြင့် ၁၀ မိနစ်မျှသာ အသက်ရှင်နိုင်ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

သင်္ဘောနစ်မြုပ်ပုံ မြန်ဆန်လွန်းသောကြောင့် သင်္ဘောသားများသည် ဘေးအန္တရာယ်ကျရောက်မှု သင်္ကေတကိုပင် ထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိကြောင်း နယူးဇီလန် ရေကြောင်းသွားလာရေးဌာနက ပြောကြားသည်။

သင်္ဘောမည်သို့ နစ်မြုပ်ခဲ့ရသည်ကို စုံစမ်းစစ်ဆေးနိုင်ရန် ကုမ္ပဏီအနေဖြင့် ကြိုးစားလျက်ရှိကြောင်း အင်ဆွန်ကော်ပိုရေးရှင်းမှ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

သင်္ဘောနစ်မြုပ်မှုသည် မိနစ် ၃၀ ခန့်သာ ကြာမြင့်ခဲ့ရာ ဖြစ်ပျက်ပုံမြန်ဆန်သောကြောင့် အကြောင်းရင်းကို ရှာဖွေနိုင်ရန် အခက်အခဲရှိကြောင်း အင်ဆွန်ကော်ပိုရေးရှင်းက ပြောကြားသည်။

အင်ဆွန်(၁)သင်္ဘော နစ်မြုပ်ပြီးနောက် သင်္ဘောသား ၂၀ ကို အခြားငါးဖမ်းသင်္ဘောတစ်စင်းက ကယ်တင်နိုင်ခဲ့ကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။

**အေအက်ဖ်ပီ။**



**တောင်ကိုရီးယား ငါးဖမ်းသင်္ဘော နစ်မြုပ်မှုတွင် သေဆုံးခဲ့သူများအတွက် ပူဆွေးသောကရောက်နေသော ကျန်ရစ်သူ မိသားစုဝင်များ။**

# အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လူများစွာကို နေတိုးနှင့်အာဖဂန်တပ်ဖွဲ့များဖမ်းဆီး

**ကဘူး ဒီဇင်ဘာ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ၌ ဒီဇင်ဘာ ၁၁ရက်ကဖြစ်ပွားခဲ့သော အသေခံတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးခဲ့ရပြီးနောက် အာဖဂန်နှင့်နေတိုးတပ်ဖွဲ့များသည် လူအမြောက်အမြားကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

**အသေခံဗုံးခွဲ**

အသေခံတိုက်ခိုက်မှုသည် ကန်ဒါဟာပြည်နယ်တောင်ပိုင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးရှိ နေတိုးနှင့် အာဖဂန်တပ်ဖွဲ့ဝင်များ ပူးပေါင်းနေထိုင်ရာ နေရာတစ်ခုကို အသေခံဗုံးခွဲသမားက မီနီဘတ်စ်တစ်စီးကို အသုံးပြု တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်ဆက်နွှယ်သူတစ်ဦးကို ရှာဖွေရန် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့်နေ့၌ပင် နေတိုးနှင့် အာဖဂန်တပ်ဖွဲ့များက ကန်ဒါဟာပြည်နယ်နှင့် ဟဲလ်မန်ပြည်နယ် များတွင် စစ်ဆင်ရေးနှစ်ရပ်ပြုလုပ်ခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

**ထောက်ပံ့သူ**

နေတိုးနှင့် အာဖဂန်တပ်ဖွဲ့များမြေလှန်ရှာဖွေနေသည့် အသေခံဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်သူသည် တိုက်ခိုက်မှုနှင့် ဆက်စပ်နေရုံမျှသာမက ကန်ဒါဟာပြည်နယ်အတွင်းရှိ အကြမ်းဖက်သမားများကို လက်နက်ခဲယမ်းများထောက်ပံ့သူလည်း ဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူများကပြောကြားသည်။

နေတိုးနှင့် အာဖဂန်တပ်ဖွဲ့များ ဖမ်းဆီးထိန်းသိမ်းခဲ့သူများ ထဲ၌၎င်းတို့ပစ်မှတ်ထားရှာဖွေခဲ့သူ ပါ၊ မပါကို သိနိုင်ရန် ဖမ်းဆီးထားသူများအား တစ်ဦးချင်းစစ်ဆေးနေဆဲဖြစ်ကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

# အီရတ်နယ်စပ်အနီး၌ အီရန်စစ်ရေးလေ့ကျင့်ခဲ့

**တီဟီရန် ဒီဇင်ဘာ ၁၃**

အီရတ်နိုင်ငံနယ်စပ်ဒေသအနီးတွင် အီရန်ကြည်းတပ်က စစ်ရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်ခဲ့ကြောင်း အီရန်နိုင်ငံပိုင်သတင်းဌာနက ဒီဇင်ဘာ ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသည် ဒီဇင်ဘာလအတွင်း စစ်ရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်မည်ဟု လွန်ခဲ့သည့် နှစ်လက ကြေညာခဲ့သော်လည်း စစ်ရေးလေ့ကျင့်မှုစတင်ချိန်တွင် ထုတ်ဖော်ကြေညာခြင်းမရှိဘဲ စစ်ရေးလေ့ကျင့်မှု ပြီးဆုံးမှသာ ထုတ်ပြန်ကြေညာခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။ **အင်တာနက်။**

# ရုရှား-ဖင်လန် အမြန်ရထားလမ်းဖွင့်လှစ်

**မော်စကို ဒီဇင်ဘာ ၁၃**

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့နှင့် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့တို့ကို ဆက်သွယ်သည့် အမြန်ရထားလမ်းကို ဒီဇင်ဘာ ၁၃ရက်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်၊ ဖင်လန်သမ္မတ တာဂျာ ဟာလိုနန်နှင့် နှစ်နိုင်ငံတာဝန်ရှိသူများလိုက်ပါလာသော အထူးရထားသည် စိန့်ပီတာစဘတ်မြို့ရှိ ဖင်လန်ဒီစကီးဘူတာရုံသို့ မော်စကိုစံတော်ချိန် ညနေ ၄ နာရီ ၅၀မိနစ်တွင် ဆိုက်ရောက်လာသည်။

**အမြန်နှုန်း**

ရုရှား-ဖင်လန် အမြန်ရထားသည် ရုရှားနိုင်ငံ လမ်းပိုင်းတွင် တစ်နာရီလျှင် ကီလိုမီတာ ၂၀၀အမြန်နှုန်းဖြင့် မောင်းနှင်မည်ဖြစ်ပြီး ဖင်လန်နိုင်ငံလမ်းပိုင်းတွင် တစ်နာရီလျှင် ကီလိုမီတာ ၂၂၀အမြန်နှုန်းဖြင့် မောင်းနှင်မည်ဖြစ်သည်။

စိန့်ပီတာစဘတ်မြို့နှင့် ဟယ်လ်ဆင်ကီမြို့အကြား ရထားလမ်းတွင် ယခင်က ခြောက်နာရီကျော်ခုတ်မောင်းခဲ့ရာမှ ယခုအခါ သုံးနာရီခွဲမျှဖြင့်ခုတ်မောင်းနိုင်မည်ဖြစ်သည်။ **အင်တာနက်။**

# ပြင်သစ်၌ ကလေး ၂၀ ကို ဓားစာခံပြုလုပ်မှုဖြစ်စဉ် သွေးထွက်သံယိုမရှိ ပြီးဆုံး

**ပါရီ ဒီဇင်ဘာ ၁၃ -** ပြင်သစ်နိုင်ငံ၌ ဆယ်ကျော်သက်လူငယ်တစ်ဦးက မူကြိုကျောင်းတစ်ကျောင်းအတွင်း ဝင်ရောက်၍ ကလေး ၂၀ ကို တနင်္လာနေ့တွင် ပြန်ပေးဆွဲဓားစာခံပြုလုပ်ခဲ့ရာ နာရီပေါင်းများစွာ အချိန်ယူကာ ပြန်ပေးသမားနှင့် စေ့စပ်ဆွေးနွေးပြီးနောက် ကလေးများအားလုံး ဘေးကင်းစွာလွတ်မြောက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပြန်ပေးဆွဲသူ အသက် ၁၇ နှစ်အရွယ်လူငယ်ကို ပြင်သစ်ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မူကြိုကျောင်းသားကလေးများကို ပြန်ပေးဆွဲမှုဖြစ်စဉ်သည် ပြင်သစ်နိုင်ငံအရှေ့ပိုင်း ဘီဆန်ကွန်းမြို့၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ကလေးများကို ဖမ်းဆီးဓားစာခံလုပ်သည့်ဖြစ်စဉ်သည် သွေးထွက်သံယိုမှုမရှိဘဲ ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ ပြန်ပေးသမားလူငယ်သည် ကလေးများကို အနာတရဖြစ်အောင် ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ဘီဆန်ကွန်းမြို့ဝန်က ပြောကြားသည်။

ကလေးများကို ပြန်ပေးဆွဲသူလူငယ်သည် စိတ်ဖိစီးမှုဒဏ်ကိုခံစားနေရသူဖြစ်ပြီး ဆေးကုသမှုခံယူနေရသူဖြစ်ကြောင်း ဘီဆန်ကွန်းမြို့ဝန်က ပြောကြားသည်။ ပြန်ပေးသမားလူငယ်သည် ၎င်းကို ၎င်း အဆုံးစီရင်ရန်အတွက် သေနတ်တစ်လက် တောင်းဆိုခဲ့ကြောင်း သတင်းများထွက်ပေါ်လာသော်လည်း ယင်းသတင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက အတည်ပြုခြင်းမရှိပေ။ **အေပီ။**



**မူကြိုကလေးများကို ဓားစာခံအဖြစ် ဖမ်းဆီးထားစဉ် ပြန်ပေးသမားနှင့် စေ့စပ်ဆွေးနွေးမှုများ လုပ်ရန် ကြိုးစားနေသော ပြင်သစ်ရဲတပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၁၃ ရက်က တွေ့ရစဉ်။**

# စတော့ဟုမ်းမြို့၌ အကြမ်းဖက်တိုက်ခိုက်ခဲ့သူ ဗြိတိန်ရှိတက္ကသိုလ်တစ်ခုမှဘွဲ့ရရှိခဲ့

**လန်ဒန် ဒီဇင်ဘာ ၁၃**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ဒီဇင်ဘာ ၁၁ ရက်က ခရစ္စမတ်ပွဲတော်အတွက် ဈေးဝယ်ထွက်သူများအား တိုက်ခိုက်ရန်လုပ်ဆောင်ခဲ့သူ အသေခံဗုံးခွဲတိုက်ခိုက်သူသည် ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိခဲ့သူဖြစ်ပြီး ၎င်းသည်လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အထိ ဗြိတိန်နိုင်ငံတွင် နေထိုင်ခဲ့သူဖြစ်ကြောင်း လန်ဒန်တွင်ထုတ်ဝေသော တယ်လီဂရပ်ဖ်သတင်းစာက ယနေ့ရေးသားဖော်ပြသည်။

တီမူးအဗ္ဗဒူဝါဟစ် အယ်လ်အက်ဒါလီသည် စတော့ဟုမ်းမြို့ရှိ လူစည်ကားသောလမ်းတစ်လမ်းပေါ်တွင် ဓာတ်ငွေ့ဘူးများတင်ဆောင်ထားသော ကားတစ်စီးကို ဖောက်ခွဲဖျက်ဆီးနိုင်ရန် လုပ်ဆောင်ခဲ့သည်။

အဆိုပါကားမှာ မီးလောင်ကျွမ်းခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်သူသည် ယင်းကားမှကိုက်၃၀၀ခန့် အကွာအထိရောက်ရှိအောင်ထွက်ပြေးခဲ့ကာ အသေခံဗုံးဖောက်ခွဲမှုပြုလုပ်ခဲ့သည်။ စတော့ဟုမ်းမြို့ရှိ အိန္ဒိယသံရုံးအနီးတွင် ဗုံးပေါက်ကွဲခဲ့ရာ အနီးရှိလူနှစ်ဦးဒဏ်ရာရရှိခဲ့သည်။

စတော့ဟုမ်းမြို့၌ တိုက်ခိုက်ခဲ့သော အကြမ်းဖက်သမားသည် ဗြိတိန်နိုင်ငံ လူတန်မြို့ရှိ ဘက်ဒ်ဖို့ဒ်ရှိုင်းယားတက္ကသိုလ်၌ ရူပဗေဒဆေးကုပညာ ဘာသာရပ်ဖြင့် ပညာဆည်းပူးခဲ့သူဖြစ်ကြောင်း စုံစမ်းစစ်ဆေးမှုများအရ သိရသည်။

အဆိုပါအကြမ်းဖက်သမားသည် အာရေဗျကျွန်းဆွယ်၌ အယ်လ်ခိုင်ဒါအဖွဲ့ ခြေကုပ်ပြုရာ ယီမင်နိုင်ငံရှိ အစွန်းရောက်အဖွဲ့တစ်ဖွဲ့နှင့် ပတ်သက်မှုရှိ၊ မရှိ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က လေ့လာလျက်ရှိသည်။

**အင်တာနက်။**

# တပ်မတော်စိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၆၉)ဖွင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၃

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြန်မာ့ဆန်စပါးသုတေသနဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော တပ်မတော်စိုက်ပျိုးရေးသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သီးနှံအခြောက်ခံစက်တွင် ဆန်စပါးများ အခြောက်ခံထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ သီးနှံအခြောက်ခံစက်တွင် ဆန်စပါးများ အခြောက်ခံထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# မစ္စတာ လီကျွင်းဟွာအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ယဲ့တာပို၏ နေရာတွင် မစ္စတာ လီကျွင်းဟွာအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီ ဖြစ်သည်။

မစ္စတာ လီကျွင်းဟွာသည် ၁၉၆၂ ခုနှစ် ဩဂုတ်လတွင် မွေးဖွားခဲ့ပြီး နိုင်ငံတကာ ပြည်သူ့ရေးရာ မူဝါဒဆိုင်ရာ ဘွဲ့လွန်ဒီဂရီကို ရရှိခဲ့သည်။ မစ္စတာ လီကျွင်းဟွာသည် ၁၉၈၅ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၆ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်ဆိုင်ရာ တရုတ်အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာဌာနတို့တွင် ရာထူးအသီးသီးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် ၁၉၉၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၌ ပညာသင်ကြားခဲ့ပြီး ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိနှင့် ၂၀၀၃ ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ကုလသမဂ္ဂဆိုင်ရာ တရုတ်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ တာဝန်အသီးသီးထမ်းဆောင်ခဲ့သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာဌာန၌ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှ လက်ရှိအချိန်အထိ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာဌာန၌ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ လီကျွင်းဟွာသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ (သတင်းစဉ်)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးခင်မောင်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြပန်ဝါကုမ္ပဏီလီမိတက်၌ ကုမ္ပဏီ ယာဉ်မောင်း ၂၅ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မစ္စတာ ဂျော့ချ်ရီဒါ တောရက်စ် ပီရီရာအား ပေါ်တူဂီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပေါ်တူဂီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဂျော့ချ်ရီဒါ တောရက်စ် ပီရီရာအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဂျော့ချ်ရီဒါ တောရက်စ် ပီရီရာသည် ၁၉၅၆ ခုနှစ် မတ် ၃၀ ရက်တွင် လစ္စဘွန်းမြို့၌ မွေးဖွားခဲ့ပြီး လစ္စဘွန်းတက္ကသိုလ်မှ ဆေးပညာနှင့် ခွဲစိတ်မှုဆိုင်ရာ ဒေါက်တာဘွဲ့ ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၇ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဗြိတိန်၊ အစ္စရေး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ရှိ ပေါ်တူဂီသံရုံးများ၊ စပိန်နိုင်ငံရှိ ပေါ်တူဂီကောင်စစ်ဝန်ချုပ်ရုံး၊ ရမ်မာလာမြို့ရှိ ပါလက်စတိုင်းဆိုင်ရာ ပေါ်တူဂီကိုယ်စားလှယ်ရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ယခုအခါ ထိုင်းနိုင်ငံဆိုင်ရာ ပေါ်တူဂီသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဂျော့ချ်ရီဒါ တောရက်စ် ပီရီရာသည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး ကလေးခြောက်ဦးရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၄-၁၂-၂၀၁၀ (အင်္ဂါနေ့)**
**[၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် (ဥပုသ်နေ့)]**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | “သက်ရှည်ကျန်းမာလေ့ကျင့်ပါ” |
| ၈း၀၅ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈း၁၅ | ၈။ | အကပြိုင်ပွဲ |
| ၈း၂၅ | ၉။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈း၃၀ | ၁၀။ | “လူကူးမျဉ်းကျားမှကူးမယ်” |
| ၈း၄၀ | ၁၁။ | International News |
| ၈း၄၅ | ၁၂။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၃။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၅ | ၃။ | အတီးပြိုင်ပွဲ |
| ၄း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ) |
| ၅း၀၀ | ၅။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၅း၁၀ | ၆။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၅း၂၀ | ၇။ | “ကြိုဆိုလျက်ပါ” |
| ၅း၃၀ | ၈။ | သွေးလှူရှင်များနေ့တေးများ |
| ၅း၄၅ | ၉။ | ရင်မှာစွဲထင်တေးအလှသံစဉ် |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆း၅၀ | ၁၃။ | ဆိုလိုက်ကြစို့ |
| ၇း၀၀ | ၁၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ “နှင်းပွင့်သစ္စာ” (အပိုင်း-၁၆)** |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | ရယ်စရာဟာသများ |
| | ၁၉။ | **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေးနောက်ဆုံးချစ်ပုံပြင်” (ပထမပိုင်း) (အပိုင်း-၁၅)** |
| | ၂၀။ | “ရုပ်ရှင်ပဟေဠိ” |
| | ၂၁။ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ပဲခူးတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး(အနောက်ပိုင်း) တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

ထို့နောက် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခြေခံပညာအဆင့် စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိကြသူများအား တိုင်းဒေသကြီးဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ခင်းကျင်းပြသထားသော ပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌသည် ဒီဇင်ဘာ ၄ ရက်က ပြည်မြို့၌ ကျင်းပသည့် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်သည်။

ထို့နောက် တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသော ပြည်သူလူထုတို့သည် မြင်းစီးဗိုလ်ချုပ်ကျောက်ရုပ်မှစ၍ မြို့နယ်အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ကြပြီး အားကစားကွင်းအတွင်း ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# အထက သုဝဏ္ဏ အာစရိယပူဇော်ပွဲနှင့် အလှူငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် (အထက သုဝဏ္ဏ)အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား လူမှုရေးထောက်ပံ့မှုကော်မတီမှုကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့နာယကများနှင့် ကျင်းပရေးကော်မတီဝင်များ၊ အလှူရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များမှ လှူဒါန်းငွေများကို တာဝန်ရှိသူအသီးသီးက လက်ခံရယူကြပြီး**(အပေါ်ပုံ)** ကျေးဇူးတင်လွှာများကို ပြန်လည်ပေးအပ်ခဲ့ကာ ယနေ့အထိ အလှူငွေကျပ် ၂၅ သိန်း ရရှိသည်။

နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီတွင် သုဝဏ္ဏ မဟာသုဝဏ္ဏကျောင်းတိုက် ပေါ်ဆန်းမွှေးလမ်း (၂၉) ရပ်ကွက်တွင် ကျင်းပမည်ဖြစ်သည်။

အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးလှတင် ဖုန်း-၀၉-၅၀၅၀၅၁၆၊ ဦးစိုးပိုင် ဖုန်း-၀၉-၅၁၅၂၆၆၀၊ ဦးညွန့်ဆွေ ဖုန်း-၀၉-၅၀၈၅၅၉၆၊ ဦးမျိုးဇော် ဖုန်း-၀၉-၄၉၂၇၂၈၇၆၊ ဒေါ်တင်တင်သန်း ဖုန်း-၀၁-၇၃၀၅၆၇၃၄၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၉-၅၀၆၄၂၆၄၊ ဦးစိုးလွင် ဖုန်း-၀၉-၄၉၃၀၇၁၇၃၊ ဦးကျော်ကျော် ဖုန်း-၀၉-၉၀၃၀၂၃၆၊ ဒေါ်လဲ့လဲ့ဝင်း ဖုန်း-၀၁-၇၃၀၄၂၀၈၈နှင့် မစောသန္တာလွင် ဖုန်း-၀၁-၇၃၀၄၄၇၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ISO 9001: 2008 Certificate ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အင်္ဂလန်နိုင်ငံ UKAS အဖွဲ့အစည်းက ပေးအပ်ချီးမြှင့်သော ISO 9001:2008 (Quality Managemet System) လက်မှတ်အား Redlink Communications Co., Ltd. သို့ ပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၇ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

ISO 9001:2008 ပေးအပ်ပွဲအခမ်းအနားတွင် Redlink Communications Co., Ltd. ဒါရိုက်တာ ဦးသိန်းသန်းတိုးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက ဂုဏ်ပြုချီးကျူးစကား ပြောကြားသည်။ ဆက်လက်ပြီး အင်္ဂလန်နိုင်ငံ UKAS အဖွဲ့အစည်း၏ မြန်မာပြည်ကိုယ်စားလှယ် SGS Myanmar Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်တင်က ISO 9001:2008 (Quality Managemet System) လက်မှတ်ကို Redlink Communications Co., Ltd. အထွေထွေမန်နေဂျာ ဦးမိုးအောင်ထံ ပေးအပ်သည်။

အင်္ဂလန်နိုင်ငံ UKAS အဖွဲ့အစည်းမှ ချီးမြှင့်သည့် ISO 9001:2008 (Quality Managemet System) လက်မှတ်မှာ မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT & Telecommunications Industry) ကဏ္ဍတွင် Redlink Communications Co., Ltd. သည် ပထမဦးဆုံးအဖြစ် ရရှိခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)




**ISO 9001:2008 လက်မှတ်ပေးအပ်ပွဲအခမ်းအနားတွင် Redlink Communications Co., Ltd. ဒါရိုက်တာ ဦးသိန်းသန်းတိုး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)

# အရေးတယူ အလေးမူ သွေးလှူကြပါစို့

## ပန်းတောင်းသန်းကြွယ်

လူ့ခန္ဓာကိုယ်တွင် သွေးသည် မရှိမဖြစ်လိုအပ်သည်။ လူ၏ခန္ဓာကိုယ်မှ သွေးကို ထုတ်ပယ်ပစ်လိုက်ပါက ထိုသူသည် အသက်ရှင်ရပ်တည်ရန် မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် သွေးသည် လူ၏အသက်ဟု ဆိုရခြင်းဖြစ်သည်။ လူသားတစ်ဦးတစ်ယောက်အတွက် ဖြစ်စေ၊ လူနာအများအတွက်ဖြစ်စေ လိုအပ်သည့်အချိန်တွင် သွေးသွင်းကုသပေးပြီး အသက်ကိုကယ်လိုက်နိုင်သဖြင့် သွေးလှူဒါန်းခြင်းသည် အသက်ကယ်ပေးခြင်းပင်ဖြစ်သည်။ သွေးလှူရှင်များသည် အရေးပေါ်သွေးလိုအပ်သူ လူနာများ၏ အသက်သခင်ကျေးဇူးရှင်ပင်ဖြစ်သည်။ ပြုနိုင်ခဲလှသော ဇီဝိတဒါနပြုကြသူအလှူရှင်များ၊ ဂုဏ်ပြုထိုက်သူများပင် ဖြစ်သည်။

သွေးသွင်းကုသမှုကို အဓိကအားဖြင့် ထိခိုက်ဒဏ်ရာရပြီး သွေးထွက်လွန်ခြင်း၊ ခွဲစိတ်ကုသမှုပြုလုပ်စဉ် သွေးထွက်များ၍ သွေးလိုအပ်နေခြင်း၊ ကလေးမီးဖွားစဉ်နှင့် ကိုယ်ဝန်ပျက်ကျစဉ်တို့၌ သွေးသွန်ခြင်း၊ ရှော့ခ် (ခေါ်)သွေးလန့်ခြင်း၊ အလွန်အမင်းသွေးအားနည်းခြင်း၊ ကင်ဆာရောဂါရှိခြင်း စသည်တို့၌ မလွဲမသွေ ပြုလုပ်ကြရသည်။

လူ၏ခန္ဓာကိုယ်တွင် သွေးသည် အလွန်အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထုထည်ပမာဏအားဖြင့် ငါးလီတာကျော်မျှရှိသည်။ ခန္ဓာကိုယ်တစ်ခုလုံးတွင် စီးဝင်ပျံ့နှံ့လှုပ်ရှားနေသည်။ အနီရောင်အရည်များဖြစ်သော သွေး၏ အစွမ်းသတ္တိနှင့် အကျိုးသက်ရောက်မှုမှာ အလွန်ကြီးမားကျယ်ပြန့်သည်။ အလွန်ကြီးမားသောတာဝန်ကို ထမ်းဆောင်နေရသည့် ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။

ခန္ဓာကိုယ်အတွင်းရှိ နှလုံးက သွေးကို တွန်းပို့ခြင်းအားဖြင့် ခန္ဓာကိုယ်အနှံ့သို့ရောက်ရှိအောင် လှည့်ပတ်သွားလာနေသည်။ သွေးလွှတ်ကြောမှပျံ့နှံ့သွားပြီး သွေးပြန်ကြောမှတစ်ဆင့် နောက်ဆုံးတွင် နှလုံးသို့ ပြန်ရောက်ရ၏။ သွေးတွင် အဓိကအစိတ်အပိုင်းကြီးလေးခုဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ (၁)သွေးနီဥများ၊ (၂)သွေးဖြူဥများ၊ (၃)သွေးဥမွှားလေးများ၊ (၄)သွေးရည်ကြည်တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပမာဏအားဖြင့် ၄၀ ဒသမ ၆၈ ရာခိုင်နှုန်းသည် သွေးနီဥများဖြစ်ပြီး ၅၅ ဒသမ ၆၀ ရာခိုင်နှုန်းမှာ သွေးရည်ကြည်၊ သွေးဖြူဥများ၊ သွေးတိတ်သွေးခဲစေသော ဓာတ်များနှင့် သွေးဥမွှားကလေးများ ဖြစ်သည်။

ထုထည်ပမာဏအားဖြင့် တစ်မီလီမီတာပတ်လည်ရှိ သွေးစက်ကလေးတစ်စက်တွင် သွေးနီဥ ၄ ဒသမ ၅ သန်းရှိသည်။ သွေးဖြူဥမှာ ၄၀၀၀ မှ ၁၁၀၀၀ အထိ ပါဝင်သည်။ သွေးနီဥသက်တမ်းမှာ ရက်ပေါင်း ၁၂၀ ခန့်ထိရှိသော်လည်း သွေးဖြူဥသက်တမ်းမှာ ပုံမှန်အားဖြင့် ၃ ဒသမ ၉ ရက်ခန့်သာရှိသည်။ သွေးဥအသစ်များကား အစဉ်အမြဲ ဖြစ်ပေါ်နေသည်။

သွေးနီဥများသည် အောက်ဆီဂျင်ဓာတ်ကို ခန္ဓာကိုယ်နေရာအနှံ့သို့ ပို့ပေးသည်။ လူတစ်ဦးတွင် သွေးနီဥ သန်းထောင်ပေါင်း ၂၅ သန်းအထိရှိသည်။ သွေးဖြူဥများသည် ရောဂါကို ခုခံတိုက်ဖျက်သည့် ယန္တရားစနစ်ကို တည်ဆောက်ထားသည်။ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်လာသောရောဂါပိုးများ ကျူးကျော်ဝင်ရောက်ခြင်းကို တားဆီးတိုက်ခိုက်ပေးသည်။ သွေးဥမွှားကလေးများသည် ခန္ဓာကိုယ်မှသွေးထွက်လျှင် သွေးတိတ်အောင် တာဝန်ယူဆောက်ရွက်ပေးသည်။ သွေးရည်ကြည်သည် ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ပရိုတိန်းဓာတ်များကို သယ်ယူပို့ဆောင်ပေးသည်။ ပဋိဇီဝပစ္စည်းများ၊ အာဟာရဓာတ်များ၊ သွေးတိတ်စေသည့် ဓာတ်များကိုလည်း ခန္ဓာကိုယ်အနှံ့သို့ရောက်ရှိအောင် သယ်ယူပို့ဆောင်ပေးသည်။

ထို့အတူပင် သွေးသည် ခန္ဓာကိုယ်အစိတ်အပိုင်းများမှ အညစ်အကြေးများကို သယ်ယူစွန့်ထုတ်ပေးသည့် လုပ်ငန်းကိုလည်း ဆောင်ရွက်သည်။ သွေး၏လုပ်ငန်းတာဝန်များမှာ လွန်စွာများပြားလှသကဲ့သို့ သွေး၏တန်ဖိုးမှာလည်း ကြီးမားလှသည်။ သွေးသွင်းကုသရာတွင် ကူးစက်ရောဂါပိုးများ ကူးစက်ခြင်းမရှိအောင်၊ သွေးကောင်းသွေးသန့်များ ရရှိအောင် ဆောင်ရွက်ကြရသည်။ လှူဒါန်းပြီးသောသွေးများကို သွေးသွင်းကုသခြင်းမပြုမီ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းဖြင့် HIV ပိုး၊ အသည်းရောင်အသည်းဝါ ဘီပိုး၊ စီပိုးနှင့် ကာလသားရောဂါပိုးများ ရှိ၊ မရှိကို စစ်ဆေးရသည်။ ကူးစက်ရောဂါပိုးကင်းစင်သည့်သွေးများကိုသာ သုံးစွဲကုသပေးသည်။ ပိုးတွေ့သည့်သွေးပုလင်း၊ သွေးအိတ်များကို စနစ်တကျ ဖျက်ဆီးပစ်ရသည်။

ယခုအခါ သွေးမလှူဒါန်းမီ သွေးလှူရှင်များအား မေးခွန်းလွှာများကို စနစ်တကျ မေးမြန်းရေးသွင်းပြီးမှ လှူဒါန်းစေသည့်စနစ်ကို ကျင့်သုံးလျက်ရှိရာ များစွာ အထောက်အကူပြုလျက်ရှိသည်။ လှူဒါန်းပြီးသွေးများကို ဓာတ်ခွဲစစ်ဆေးကြည့်ရာ ပိုးတွေ့သည့် သွေးအလွန်နည်းပါးသွားပြီဖြစ်သည်။ ကိုယ်ကျိုးမဖက် စေတနာသက်သက်ဖြင့် စဉ်ဆက်မပြတ် လှူဒါန်းပေးကြသော ကျန်းမာသန့်စင်သည့် စေတနာသွေးလှူရှင်များ တစ်နေ့တခြားများပြားလာသည့်အတွက်ကြောင့်လည်း ပိုးတွေ့ရသည့်သွေး အလွန်နည်းပါးသွားခြင်းဖြစ်ရာ စေတနာသွေးလှူရှင်များအတွက် အလွန်ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်သည်။

စေတနာသွေးလှူရှင်များ လှူဒါန်းထောက်ပံ့လိုက်သော သန့်စင်သည့်သွေးမှဖြစ်ပေါ်ရရှိလာသည့် ကောင်းကျိုးရလဒ်များသည် လူသားအချင်းချင်း ပေးနိုင်သော လက်ဆောင်များအနက် ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ မရနိုင်ကောင်းသော ထူးခြားမွန်မြတ်သည့် ဇီဝိတဒါန လက်ဆောင်ကြီးပင် ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သွေးလိုအပ်မှုသည် ကမ္ဘာတစ်ဝန်းလုံး၌ တူညီသောလိုအပ်ချက်ဖြစ်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သွေးလုံလောက်စွာမရရှိနိုင်ကြောင်း၊ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန်နှင့် ကလေးမီးဖွားချိန်တို့တွင် သေဆုံးမှုမှာ နှစ်စဉ် ငါးသိန်းခန့်ရှိပြီး ယင်းသေဆုံးမှု၏ ၉၉ ရာခိုင်နှုန်းမှာ လိုအပ်သောသွေး အချိန်မီမရနိုင်ခြင်းကြောင့် ဖြစ်ကြောင်း၊ အာဖရိကတိုက်ရှိ သွေးသွင်းကုသမှုရာခိုင်နှုန်း ၇၀ မှာ ကလေးများ၌ ဖြစ်ပွားနေသော သွေးအားနည်းရောဂါ၊ ငှက်ဖျားရောဂါများကုသမှုတို့အတွက် အသုံးပြုနေရကြောင်း သုံးသပ်တင်ပြခဲ့သည်။


(၁၄) ကြိမ်မြောက်သွေးလှူရှင်များနေ့

ဘဝအတွက်အကြီးမားဆုံးခြားနားမှုဖြစ်သည့်
ရှင်သန်ခြင်းနှင့် သေဆုံးခြင်းဟူသော ကွက်လပ်ကိုဖြည့်စွမ်းနိုင်ခဲ့သော
သန့်စင်သည့်သွေးဖြင့်ထောက်ပံ့ခဲ့သည့် သွေးလှူရှင်များ၏
စွန့်လွှတ်နိုင်မှုနှင့် စောင့်ထိန်းနိုင်မှုတို့အား

အသက်ရှင်ခွင့်ရခဲ့သော လူနာများကိုယ်စား
အထူးလေးစားကျေးဇူးတင်စွာဖြင့်

အမျိုးသားသွေးဌာန
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန


ထို့အပြင် ကမ္ဘာတစ်ဝန်းလုံးတွင် လူပေါင်း လေးသန်းခန့်သည် စိတ်မချရသော သွေးသွင်းကုသမှုကြောင့် HIV ပိုး ကူးစက်ခံခဲ့ရကြောင်း၊ အသားရောင်အသားဝါ ဘီပိုး၊ စီပိုး၊ ကာလသားရောဂါပိုးများတွေ့ရှိရမှုမှာ မျှော်မှန်းထားသည်ထက် ပိုမိုများပြားနေသည်ကို လှူဒါန်းထားသော သွေးများမှစမ်းသပ်တွေ့ရှိနေရကြောင်း၊ သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများဖြစ်သည့် HIVပိုး၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးများသည် ပိုးစတင်ဝင်ရောက်သည့် အချိန်မှ စမ်းသပ်တွေ့ရှိနိုင်သည့်အချိန် အထိဖြစ်သော Window Period ခေါ် ကြားကာလတွင် ဓာတ်ခွဲစမ်းသပ်မှုဖြင့် ရောဂါပိုးကို ရှာဖွေတွေ့ရှိနိုင်မည် မဟုတ်သောကြောင့် နောက်ဆက်တွဲဆိုးကျိုးမရှိနိုင်သော သွေးသွင်းကုသမှုဟူ၍ ရာနှုန်းပြည့် အာမ မခံနိုင်ကြောင်း၊ ၎င်းရောဂါပိုးများကူးစက်မှုမရှိသော လူနေမှုစရိုက်ကို ကျင့်သုံးနေသည့် စေတနာသွေးလှူရှင်များကသာ သွေးသွင်းကုသမှု၏ နောက်ဆက်တွဲဆိုးကျိုးများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်နုတ်ဖော်ညွှန်းခဲ့သည်။

အရေးပါလှသော စေတနာသွေးလှူရှင်များ၏ အခန်းကဏ္ဍကို ပိုမိုပေါ်လွင်စေရန် ရည်ရွယ်၍ ၂၀၀၄ ခုနှစ်မှစပြီး ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ (၅၈)ကြိမ်မြောက် ညီလာခံက နှစ်စဉ် ဇွန်လ ၁၄ ရက်ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် အတည်ပြုသတ်မှတ်ပေးခဲ့ပြီး စေတနာသွေးလှူရှင်စုဆောင်းမှု တိုးတက်ပွားများလာရေးကို အားပေးထောက်ခံခဲ့သည်။

မြန်မာနိုင်ငံ၏ သွေးသွင်းကုသမှုကို ၁၉၃၉ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဘဏ်စတင်ဖွင့်လှစ်ပြီး ကုသခဲ့ကြောင်းသိရသည်။ ထိုစဉ်က ငွေကြေးဖြင့် ဝယ်ယူကုသရသည့်စနစ်ကို ကျင့်သုံးခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင် မိမိဆန္ဒအလျောက် လှူဒါန်းသော စေတနာသွေးလှူရှင်များကို အခြေပြုသောစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။ ရန်ကုန်ဆေးရုံကြီး သွေးလှူဘဏ်ကိုလည်း ဗဟိုအမျိုးသား သွေးလှူဘဏ်အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ခရိုင်အဆင့်ဆေးရုံကြီးများတွင်ပါ သွေးလှူဘဏ်ခွဲများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ခဲ့ရာ ယခုအခါ များစွာထိရောက်အောင်မြင်နေပြီဖြစ်သည်။

ဗဟိုအမျိုးသားသွေးလှူဘဏ်ကော်မတီ စတင်ပေါ်ပေါက်လာသည့် ဒီဇင်ဘာ ၁၄ ရက်ကို မြန်မာ့သွေးလှူရှင်များနေ့အဖြစ် သတ်မှတ်၍ သွေးလှူရှင်များအား ၁၉၇၆ ခုနှစ်မှစ၍ ဂုဏ်ပြုခဲ့ရာ ယခု ၂၀၁၀ ခုနှစ် ဂုဏ်ပြုပွဲမှာ (၃၄)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲပင်ဖြစ်သည်။ စေတနာသွေးလှူရှင်များကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုသောအားဖြင့် အကြိမ်(၄၀)ပြည့် သွေးလှူရှင်များအား လူမှုထူးချွန် တတိယဆင့်၊ အကြိမ်(၆၀)ပြည့် သွေးလှူရှင်များအား လူမှုထူးချွန် ဒုတိယဆင့်၊ အကြိမ်(၇၀)ပြည့် သွေးလှူရှင်များအား လူမှုထူးချွန် ပထမဆင့်အဖြစ် ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို နှစ်စဉ်ပေးအပ်ချီးမြှင့်လျက်ရှိသည်။

ယခုအခါ စက်မှုနှင့်နည်းပညာ လွန်စွာခေတ်မီတိုးတက်လာသဖြင့် သွေးမှ သွေးပစ္စည်းအမျိုးမျိုးကို ခွဲထုတ်၍ ရောဂါအမျိုးအစားအလိုက် လိုအပ်သောအမျိုးအစားများကို ပိုင်းခြားပေးသွင်းကုသခြင်းမျိုးကိုပင် ဆောင်ရွက်လာနိုင်ပြီဖြစ်သည်။ သို့သော်လည်း သွေးကိုမူ အတုပြုလုပ်၍ မရနိုင်သေးသဖြင့် လူသားတို့၏ သဘာဝသွေးမှာ အဖိုးအနဂ္ဃထိုက်တန်ဆဲပင် ဖြစ်သည်။

သွေးလှူဒါန်းခြင်းဖြင့် အန္တရာယ်တစ်စုံတစ်ရာ မဖြစ်နိုင်ပါ။ သွေးလှူဒါန်းရာတွင် ပိုးမွှားသန့်စင်ပြီးသောအပ်များ၊ ကိရိယာများကိုသာ သုံးစွဲသဖြင့် မည်သည့်ရောဂါမျှ မကူးစက်နိုင်ပါ။ သွေးမလှူဒါန်းမီ လိုအပ်သော ဆေးစစ်ဆေးမှုများ ပြုလုပ်ပြီးမှသာ လှူဒါန်းစေသဖြင့် မည်သည့်အန္တရာယ်မျှ မရှိပါ။ သွေးလှူဒါန်းမှုသည် မိနစ်ပိုင်းမျှသာကြာပြီး သွေးလှူရှင်အား ခေတ္တအနားယူစေခြင်း၊ အစားအစာဖြင့် အားဖြည့်လန်းဆန်းစေခြင်းတို့ကြောင့် သွေးလှူဒါန်းပြီး နောက်ရွှင်လန်းကြည်နူးစွာ ပီတိသုခကို ခံစားနိုင်ပါသည်။ အသက် (၁၈)နှစ်မှ (၆၀)အတွင်းရှိ ကျန်းမာရေး ပြည့်စုံသူတိုင်းသည် မိမိတို့၏ စေတနာသွေးသန့်စင်သွေးများကို အသက်ကယ်ရေးအတွက် အရေးတယူအလေးမူကာ ပေးလှူသင့်ကြပါကြောင်း ဤဆောင်းပါးဖြင့် အသက်သခင် စေတနာသွေးလှူရှင်အပေါင်းအား လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။ ။

## ကျိုက်ကျော်အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မွန်ပြည်နယ် သထုံမြို့နယ် ကျိုက်ကျော်အထက၏ (၁၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၅ ရက် (စနေနေ့)တွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၁၅ ရက်နောက်ဆုံးထား၍ ဒေါက်တာခွန်ကျော်အောင်-ဒေါ်တင်လွမ် ဖုန်း-၀၁-၂၉၆၄၄၉၊ ၀၁-၂၉၅၅၀၀၊ ဦးဦးမြင့် ဖုန်း-၀၁-၅၆၂၄၉၂၊ ဒေါ်ခင်ဝင်း ဖုန်း-၀၁-၂၂၁၂၄၇၊ ၀၁-၂၂၅၁၃၉၊ ဒေါ်ခင်သန်းလတ် ဖုန်း-၀၁-၂၂၅၉၁၄နှင့် ဒေါ်ခင်ညိုဝင်း ဖုန်း-၀၉-၅၄၀၂၇၃၁ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၇)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီးနှင့် နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတို့တွင် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုးဖြင့်ဆောင်ရွက်လျက်ရှိ၊ ယာဉ်တိုက်မှုနှင့် တိမ်းမှောက်မှုဖြစ်ရာတွင် တာယာအတု၊ တိုက်ဆွေးတာယာ၊ စံမမီ ကွန်ပေါင်းတာယာသုံးခြင်းအကြောင်းလည်းပါဝင်ကြောင်း လေ့လာတွေ့ရှိ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ယာဉ်အန္တရာယ်မဖြစ်ရန် စည်းကမ်းလိုက်နာ၊ ဘုရားသုံးဆူနယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်လိုက်ခြင်းကြောင့် မြန်မာ-ထိုင်းနယ်စပ်ရှိ အသေးစားလုပ်ငန်းများ ဝင်ငွေကောင်းလာ၊ ဟံသာဝတီ ကားဈေးကွက်အတွင်း ပါရမီကားတွေ ရောက်နေသော်လည်း ဝယ်အားနည်းနေ၊ ၂၀၁၀ အစနှင့် ၂၀၀၉ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ကောက်ကြောင်း စသည့် မျက်နှာဖုံးဆောင်းပါးနှင့် မျက်နှာဖုံးသတင်းများ ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ သတင်းများ၊ နိုင်ငံတကာ အားကစားကဏ္ဍနှင့် မှုခင်းသတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် မြန်မာ-မလေးရှား ကုန်သွယ်မှု နှစ်ပေါင်း (၂၀) အတွင်း ရင်းဂစ် ၂၇ ဒသမ ၆ ဘီလီယံသို့ ရောက်ရှိ၊ အီးယူ-အိန္ဒိယ ထိပ်သီးအစည်းအဝေးကြောင့် မြန်မာအပါအဝင် အာဆီယံနိုင်ငံများနှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသကို အကောင်အထည်ဖော်ရန် အိန္ဒိယပိုမိုစိတ်ဝင်စား၊ မြန်မာနိုင်ငံမှဆန်များ အရည်အသွေးပြည့်မီကြောင်း မဏိပူရအာဏာပိုင်များပြောကြား၊ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည်တင် သင်္ဘော ၁၀ စင်းရောက်မည် စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

## စိန်ပေါလ်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အထက(၆) ဗိုလ်တထောင် (စိန်ပေါလ်) ကျောင်းသားဟောင်းများ၏ နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက် (သောကြာနေ့) နံနက် ၁၁ နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်သီးရိုက်အသင်း ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ရဲမှူးကြီးမိုက်ကယ်လှမြင့် (ငြိမ်း) ဖုန်း-၅၈၀၂၂၁၊ ဦးမောင်မောင်မြင့် ဖုန်း-၅၄၇၄၅၅၊ ဦးသိန်းဆွေ (မြန်မာနဝရတ်) ဖုန်း-၅၂၇၀၀၁၊ ၀၉-၅၁၉၃၄၃၄၊ ဦးအယ်ဒီဘဦး ဖုန်း-၀၉-၅၀၁၉၀၅၃၊ ဦးသက်အောင် ဖုန်း-၄၀၀၃၅၆နှင့် ဦးဆန်နီတင့်ဇော် ဖုန်း-၀၉-၅၀၄၂၉၇၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

**ဒီဇင်ဘာ ၂၆ ရက်တွင် MCC Centre ၌ ကျင်းပမည့် ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာဘွဲ့ရများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် (77) Nov, Batch မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကိုယ်စား ဦးအောင်စိုး၊ ဒေါ်ချောတို့က ငွေကျပ် ၁၀သိန်းကို ဦးကိုကိုကြီးထံပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



# တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု လက်ဝှေ့အသင်းအား အောင်နိုင်ရေးအလံအပ်နှင်းပွဲ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၃

**ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် ဒီဇင်ဘာ ၆ ရက်တွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု လက်ဝှေ့အသင်းအား အောင်နိုင်ရေးအလံအပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အသင်းအုပ်ချုပ်သူထံ အောင်နိုင်ရေးအလံ အပ်နှင်းခဲ့သည်။**

### တွေ့ဆုံနှုတ်ဆက်

ထို့နောက် တိုင်းမှူးသည် ပြိုင်ပွဲဝင်မည့် လက်ဝှေ့ အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၇ ရက်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဆုရကျောင်းသား၊ ကျောင်းသူများ၏ တစ်ခန်းရပ်ပြဇာတ်နှင့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ရာ ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများအား တိုင်းမှူးကလည်းကောင်း၊ တစ်ခန်းရပ်ပြဇာတ်နှင့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများကလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားသော အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးမှတ်တမ်းဓာတ်ပုံများ၊ ဆုရစာစီစာကုံးများ၊ ပန်းချီ၊ ကာတွန်းနှင့် နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံအထက်ပိုင်းဒေသများ ညအပူချိန် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၃

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်မှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကျိုက္ခမီမြို့တွင် ၁ ဒသမ ၃၀လက်မ ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

**ဒီဇင်ဘာ ၁၄ ရက် ညနေထိခန့်မှန်းချက်။** ။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

# နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးမောင်မြင့် တတိယအကြိမ် ဘာလီဒီမိုကရေစီဖိုရမ်သို့ တက်ရောက်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၃

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီ၌ ကျင်းပသည့် တတိယအကြိမ် ဘာလီဒီမိုကရေစီဖိုရမ်သို့ တက်ရောက်ခဲ့သည်။**

တတိယအကြိမ် ဘာလီဒီမိုကရေစီဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် ဘာလီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ အာရှဒေသမှ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၊ တီမောလက်စ်တေးနိုင်ငံ ဝန်ကြီးချုပ် အပါအဝင် နိုင်ငံပေါင်း ၄၄ နိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ ထို့အပြင် အာရှဒေသ ပြင်ပနိုင်ငံ ၂၄ နိုင်ငံမှ ကိုယ်စားလှယ်များလည်း လေ့လာသူများအဖြစ် တက်ရောက်ခဲ့သည်။ ဖွင့်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ မာတီနာတာလာဂါဝါက ဒုတိယအကြိမ် ဘာလီဒီမိုကရေစီဖိုရမ် ကျင်းပပြီးနောက် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လည်းကောင်း၊ ယခုနှစ်ကျင်းပသည့် ဆွေးနွေးပွဲနှင့် ပတ်သက်၍ လည်းကောင်း တင်ပြသည်။ ထို့နောက် အင်ဒိုနီးရှားသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုက အဖွင့်မိန့်ခွန်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုမြှင့်တင်ရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။ ယင်းနောက် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် အင်ဒိုနီးရှားနိုင်ငံသမ္မတနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ မွန်းလွဲပိုင်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ဘာလီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံရာ ဒုတိယဝန်ကြီး ဦးမောင်မြင့် တက်ရောက်သည်။

### မိန့်ခွန်းပြောကြား

ယင်းနေ့ မွန်းလွဲပိုင်းတွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားမှုကို ပြုလုပ်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် အပါအဝင် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။ ဒုတိယဝန်ကြီးက ဒီမိုကရေစီထွန်းကားရန် အေးချမ်းမှုနှင့် တည်ငြိမ်မှုရှိရန်လိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး ဆွေးနွေးခြင်းမှတစ်ဆင့် ဒီမိုကရေစီသည် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး လက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် လက်တွဲဆောင်ရွက်ခဲ့သည့်ကိစ္စ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ မြန်မာနိုင်ငံတွင် လက်နက်ကိုင် အဖွဲ့အစည်း တစ်ခုတည်းရှိရမည်ဖြစ်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ပြောင်းလဲ ဖွဲ့စည်းဆောင်ရွက်နေသည့်ကိစ္စ၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ် နိုဝင်ဘာ (၇) ရက်တွင် အောင်မြင်စွာ ကျင်းပခဲ့သည့်ကိစ္စ၊ မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက် အကောင်အထည်ဖော်သွားရန် ခိုင်ခိုင်မာမာဆုံးဖြတ်ထားသည့်ကိစ္စ စသည်တို့ကို ရှင်းလင်းပြောကြားသည်။




### မှတ်တမ်းတင်ဓာတ်ပုံရိုက်

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီ၌ ကျင်းပသည့် တတိယအကြိမ် ဘာလီဒီမိုကရေစီဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

(သတင်းစဉ်)

ယင်းနေ့ ညပိုင်းတွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ မာတီနာတာလာဂါဝါက ဘာလီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် "ဒီမိုကရေစီစနစ်သည် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှု ကြီးထွားလာမှုကိုကာကွယ်ရာတွင် မည်သို့ အထောက်အကူဖြစ်စေပုံ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် "ငြိမ်းချမ်းမှု တည်ဆောက်ရေးအတွက် ဒီမိုကရေစီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မရှိမဖြစ်လိုအပ်ပုံ" ခေါင်းစဉ်ဖြင့်လည်းကောင်း အပြန်အလှန်ဆွေးနွေးမှုများပြုလုပ်ကြသည်။

တတိယအကြိမ် ဘာလီ ဒီမိုကရေစီဖိုရမ်တက်ရောက်စဉ် ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၉ ရက်တွင် ဘာလီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ပါကစ္စတန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Nawabzada Malik Amad Khan နှင့်လည်းကောင်း၊ မော်လဒိုက်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Ahmed Naseem နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးသည်။

(သတင်းစဉ်)

# မှော်ဘီမြို့နယ် ဂီတအစည်းအရုံး နှစ်ပတ်လည်စုံညီအစည်းအဝေး ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မှော်ဘီမြို့နယ် ဂီတအစည်းအရုံး၏ နှစ်ပတ်လည် စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၁၂ရက် နံနက် ၁၀နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က အမှာစကားပြောကြား၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အမှုဆောင် ဦးမျိုးနွယ်ဆွေက မြန်မာနိုင်ငံဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် အခြေခံ စည်းမျဉ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဂီတအစည်းအရုံး ဥက္ကဋ္ဌ မှော်ဘီ ဦးဝင်းသန်းထွန်းက လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တင်ပြရာ အစည်းအရုံးဝင်များက အတည်ပြုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော နှစ်ကျပ်ခွဲ-ဂျမ်းလှီလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မြင့် ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# ပျော်ဘွယ်အထက(ပန်းစုံ)(၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် မြင်းဘက်ရပ်ကွက် အထက (ပန်းစုံ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူ တက်ရောက်ပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးရန်မျိုးဝင်း(လက်ထောက်ညွှန်ကြားရေးမှူး) နေပြည်တော် ဖုန်း-၀၆၇-၄၁၁၄၉၈၊ ၀၉-၄၉၂၀၄၄၀၆၊ ဦးခင်မောင်ဝင်း (ရန်ကုန်) ဖုန်း-၀၉-၅၀၀၆၅၆၉၊ ၀၁-၅၉၁၀၈၁၊ ဦးတင်ဝင်း (ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၃၅၇၊ ဦးအောင်မြတ်ဖုန်း (ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၁၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ) အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ရောဝတီမြစ်ကူးတံတားကြီး ငါးစင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တစ်ပြိုင်နက် တည်ဆောက်လျက်ရှိ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးလည်း ပေါ်ထွန်းလာမည်

**○ ရွှေဖုံးမှ**

ကာကွယ်ရေးဝန်ကြီးဌာန မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိသည်။

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား ဒုတိယဝန်ကြီး ဦးအေးမြင့်၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုး၊ စက်ရုံမှူးကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ) အစည်းအဝေးခန်းမ၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)ကို ၂၀၁၀ ခုနှစ် မတ် ၂၁ ရက်တွင် ဖွင့်လှစ်၍ သံမဏိချောင်းကြီးများ (Billet)နှင့် သံမဏိပြား (Slab)များ ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးမြင့်က အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)၌ သံမဏိထုတ်ကုန်ပစ္စည်းအမျိုးအစား အရလည်းကောင်း၊ အရေအတွက်အရလည်းကောင်း တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းအဆင့်(၂) တိုးမြှင့်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာတွင် စီမံကိန်းအဆင့်(၂)၌ ပင်မစက်ရုံ ၁၀ ခု ပါဝင်ကြောင်း၊ ယင်းတို့မှာ တိုက်ရိုက်ဓာတ်လျှော့နည်းစဉ်ဖြင့် သံပွထုတ်လုပ်သည့် စက်ရုံ (Direct Reduction Iron Plant)၊ ယင်းသံပွ DRI များအား သံမဏိအဖြစ် အရည်ကျိုမည့် (Steel Making Plant)၊ ထွက်ရှိလာမည့် သံမဏိပြား (Slab)များကို အပူပေးပြီး အထူ ၁ ဒသမ ၆ မှ ၁၆မီလီမီတာအထိ ကြိတ်နိုင်သည့် သံပြားကြိတ်စက်ရုံ (Hot Strip Mill)၊ သံမဏိပြားဖြတ်စက် (Cut to Length Line)၊ Hot Strip Mill မှ ထွက်လာသည့် သံမဏိပြားအခွေများကို Cold-Rolled မပြုလုပ်မီ မျက်နှာပြင် သန့်ရှင်းပြောင်ချောစေရန် ပြုလုပ်သည့် စက်ရုံ (Push and Pull Pickling Line)၊ Hot-Rolled သံမဏိပြား အခွေများအား Pickling Line တွင် မျက်နှာပြင်သန့်ရှင်းရေး ပြုလုပ်ပြီးနောက် အပူမပေးဘဲ တိုက်ရိုက်လိုအပ်သည့် အထူရရှိရန် ကြိတ်သည့်စက်ရုံ (Cold Strip Mill) မှ အထူ သုည ဒသမ ၁၆ မှ ၂ မီလီမီတာအထိ သံမဏိပြားများ ထုတ်လုပ်၍ အိမ်သုံးအမိုးပြားများ၊ စက်မှုသုံး သံမဏိပြားများ ပြုလုပ်ရန် လိုအပ်သည့် အရွယ်အစားရရန် ဖြတ်တောက်ပေးသည့်စက်ရုံ (Cut to Length Line)၊ Cold-Rolled Coils သံမဏိပြားများကို တင်းအားပြေပျောက်ပြီး ပျော့ပျောင်းစေရန် အပူပေးမီးဖိုအတွင်း ထည့်၍ အပူပေးသည့်စက်ရုံ (Batch Annealing Line for Cold-Rolled Coils)၊ အထူ ၂၅၀ မီလီမီတာအထိရှိသည့် သံမဏိပြား Slab များကို ၁၂၀၀ဒီဂရီစင်တီဂရိတ်အထိ အပူပေးမီးဖို (Reheating Furnace for Slab thickness up to 250 mm)နှင့် လက်ရှိ သံမဏိ Slab ပုံလောင်းသည့်စက်ကို သံရည်အိုး နှစ်အိုးဆက်တိုက်ပုံလောင်းနိုင်ရန် တိုးချဲ့တပ်ဆင်သည့် စက်ရုံတို့ဖြစ်ပါကြောင်း။

ဆက်လက်၍ အိမ်သုံးအမိုးသံပြားများကို သွပ်ရည်စိမ်သည့်စက်ရုံ (Galvanizing / Aluzinc Line)၊ အရောင်ဆေးသုတ်စက်ရုံ (Colour Coating Line)၊ သွပ်ရည်စိမ်သံမဏိပြားများကို လိုအပ်သည့်အနံ ရရှိစေရန် စိတ်ခွဲပေးသည့်စက် (Slitting Line)နှင့် ဆေးရောင်သုတ်ပြီးသော သံမဏိပြားများ၊ အမိုးပြားများ၊ အလှဆင် အသုံးအဆောင်များ ပြုလုပ်၍ မြောင်းဖော်ပေးသည့်စက်ရုံ (Sheet Forming Line)တို့ ပါဝင်မည်ဖြစ်ပါကြောင်း။

အဆိုပါ စီမံကိန်းအဆင့်(၂)ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဆက်လက်တိုးချဲ့ရန် စီစဉ်လျက်ရှိသည့် စီမံကိန်းအဆင့်(၃)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် စဉ်ဆက်မပြတ် ပုံလောင်းစက် အဆင့်မြှင့်တင်ခြင်း (Continuous Casting Plant Upgrading) နှင့် စပ်လျဉ်း၍ လက်ရှိပုံလောင်းစက်သည် သံမဏိတုံးအရွယ်အစား ၁၃၀ × ၁၃၀ × ၁၂၀၀၀ မီလီမီတာ အရွယ်သာ ထုတ်နိုင်သဖြင့် အယ်လ်ပုံ၊ အိုင်ပုံ၊ ယူပုံများနှင့် ရထားသံလမ်းများ ထုတ်နိုင်ရန် ကုန်ကြမ်းသံမဏိပြား (Slab) အရွယ်အစား ၁၈၀ မီလီမီတာ × ၁၈၀ မီလီမီတာနှင့် ၂၀၀ မီလီမီတာ × ၃၂၀ မီလီမီတာများရရှိအောင် ပုံလောင်းစက်ကို အဆင့်မြှင့်တပ်ဆင်ခြင်း၊ နှစ်စဉ် I, L, U, H ပုံစံ Section တန်ချိန် ၃၈၀၀၀၀ ထုတ်ပေးနိုင်သည့် စက်ရုံ (Section Mill)၊ နှစ်စဉ်ရထားသံလမ်းတန်ချိန် ၃၀၀၀၀၀ ထုတ်ပေးနိုင်သည့် စက်ရုံ (Rail Mill)၊ တစ်နှစ်တန်ချိန် ၂၈၀၀၀ ထုတ်ပေးနိုင်သည့် ဖိအားမြင့်သံမဏိပိုက်လိုင်းများနှင့် လေးထောင့်ပုံ သံမဏိပိုက်များ ထုတ်လုပ်သည့် စက်ရုံတို့ ပါဝင်ပါကြောင်း။

အဆိုပါ စီမံကိန်းအဆင့်(၃) စက်ရုံများ တည်ဆောက်ပြီးစီးသွားပါက ရထားသံလမ်းများ၊ သံလမ်းဆက်များ၊ လျှပ်စစ်မီးကြိုး Tower ပြုလုပ်ရန် သွယ်တန်းသည့် Angle Iron များ၊ ရေနံ/ သဘာဝဓာတ်ငွေ့ပို့လွှတ်သည့် ၈ လက်မမှ ၂၆ လက်မအချင်းရှိ ERW ပိုက်များ၊ API-Standard ပိုက်များ၊ ဖိအားမြင့်သုံး ပိုက်များ၊ အထွေထွေသုံး ပိုက်များ ထုတ်လုပ်နိုင်မည်ဖြစ်၍ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ပို့လွှတ်သည့်လုပ်ငန်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့တွင် အသုံးပြုနိုင်မည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က စက်ရုံတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများ၊ ထပ်မံဖြည့်စွက်ဖြစ်ပေါ်လာမည့် စက်ရုံများအတွက်ပါ လျှပ်စစ်ဓာတ်အားကို အပြည့်အဝလိုအပ်ချက် စွမ်းအားပြည့်ရရှိရေးအတွက် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်တာဘိုင်စက်ရုံများပါ တည်ဆောက်၍ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

**မှာကြား**

ယင်းနောက် နိုင်ငံတော်အကြီးအကဲက လက်ရှိစက်ရုံထုတ်ပစ္စည်းများသည် နိုင်ငံ၏လိုအပ်ချက်နှင့် ကိုက်ညီမှု၊ မျှတမှုရှိရေး၊ အနာဂတ်ကာလတွင် တိုးတက်ထွန်းကားလာမည့် နိုင်ငံတော်အတွက် လိုအပ်မည့်သံနှင့် သံမဏိပစ္စည်းများ ဖြည့်ဆည်းထုတ်လုပ်နိုင်ရေးအတွက် ကြိုတင်မျှော်မှန်းဆောင်ရွက်ရေး၊ အလေအလွင့် မရှိစေရေး၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေးတို့ကို မှာကြားသည်။

**သံမဏိစက်ရုံ(မြင်းခြံ)**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)အတွင်း တိုးချဲ့တည်ဆောက်မည့်စက်ရုံများအတွက် လျာထားသတ်မှတ်ထားသည့် မြေနေရာများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)သည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရန်ကုန်-မြင်းခြံ ကားလမ်းမကြီး မိုင်တိုင် ၄၅၀/၀ ၏ အနောက်ဘက် ၃ ဒသမ ၃ မိုင်အကွာ ဆားခါးကျေးရွာအနီး၌ တည်ရှိပြီး ၁၀၄၃ ဒသမ ၇၉ ဧက ကျယ်ဝန်းသည်။

စက်ရုံကို ၂၀၁၀ခုနှစ် မတ် ၂၁ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ရောဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ရောဝတီတံတား (စင်းခန်း)၊ ရောဝတီတံတား(ပခုက္ကူ)၊ ရောဝတီတံတား(မလွန်)၊ ရောဝတီတံတား (ညောင်တုန်း)နှင့် ရောဝတီတံတား (ရတနာသိယ်)စသည့် ရောဝတီမြစ်ကူးတံတားကြီး ငါးစင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တစ်ပြိုင်နက်တည်ဆောက်လျက် ရှိပါကြောင်း။

၎င်းတံတားကြီးသည် အိန္ဒိယ-မြန်မာ- ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီး (INDIA - MYANMAR-THAI Tripartite Highway) ပေါ်ထွန်းလာပါက အဆိုပါ လမ်းမကြီးပေါ်တွင် တည်ရှိနေမည် ဖြစ်ပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြသည်။

**ရောဝတီမြစ်ဖြတ်ကျော် တံတားကြီးများအနေဖြင့် တည်ဆောက်ပြီး တံတားကိုးစင်းနှင့် ယခု တည်ဆောက်ဆဲ တံတား ငါးစင်း စုစုပေါင်း တံတား ၁၄ စင်း ရှိမည်။**

ကာကွယ်ရေးဝန်ကြီးဌာန မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)




14-12)08.pmd 1 12/14/2010, 3:07 AM

အလွင့် မရှိစေရေး၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေးတို့ကို မှာကြားသည်။

### သံမဏိစက်ရုံ(မြင်းခြံ)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)အတွင်း တိုးချဲ့တည်ဆောက်မည့်စက်ရုံများအတွက် လျာထားသတ်မှတ်ထားသည့် မြေနေရာများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)သည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရန်ကုန်-မြင်းခြံ ကားလမ်းမကြီး မိုင်တိုင် ၄၅၀/၀ ၏ အနောက်ဘက် ၃ ဒသမ ၃ မိုင်အကွာ ဆားခါးကျေးရွာအနီး၌ တည်ရှိပြီး ၁၀၄၃ ဒသမ ၇၉ ဧက ကျယ်ဝန်းသည်။

စက်ရုံကို ၂၀၁၀ခုနှစ် မတ် ၂၁ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမှတ်(၄) သံမဏိစက်ရုံ(မြင်းခြံ)မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ရေဝတီတံတား (စင်းခန်း)၊ ရေဝတီတံတား(ပခုက္ကူ)၊ ရေဝတီတံတား(မလွန်)၊ ရေဝတီတံတား (ညောင်တုန်း)နှင့် ရေဝတီတံတား (ရတနာသိယ်)စသည့် ရေဝတီမြစ်ကူးတံတားကြီး ငါးစင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တစ်ပြိုင်နက် တည်ဆောက်လျက် ရှိပါကြောင်း။

၎င်းတံတားကြီးသည် အိန္ဒိယ-မြန်မာ- ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီး (INDIA - MYANMAR-THAI Tripartite Highway) ပေါ်ထွန်းလာပါက အဆိုပါ လမ်းမကြီးပေါ်တွင် တည်ရှိနေမည် ဖြစ်ပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဦးခင်မောင်မြင့်က တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လက်ပန်ခြေပေါ်ဘက်ကမ်းနှင့် ပခုက္ကူဘက်ကမ်းတို့တွင် ပင်မတံတား၊ ချဉ်းကပ်တံတားများ၊ ရထားလမ်းတံတားနှင့် ကားလမ်း ချဉ်းကပ်တံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ရေဝတီတံတား (ပခုက္ကူ)နှင့် ရေဝတီတံတား(ညောင်တုန်း) တို့အတွက် သံပေါင်ပစ္စည်းများ တင်ပို့မည့် အစီအစဉ်နှင့် နေရာလေးခုတွင် သံပေါင်များ တစ်ပြိုင်တည်း တပ်ဆင်မည့်အစီအစဉ်၊ ညောင်ဦးမြို့၏ နှစ်အလိုက် အမြင့်ဆုံး ရေအမှတ်နှင့် မိုးရွာသွန်းမှု အခြေအနေ၊ ရေဝတီမြစ်ပေါ် ဖြတ်သန်းတည်ဆောက်လျက်ရှိသော တံတားကြီးငါးစင်း၏ လုပ်ငန်းတိုးတက်မှုအခြေအနေများကို ဆက်လက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲက သိရှိလိုသည်များကို မေးမြန်းပြီး တည်ဆောက်ရေးလုပ်ငန်းများ အန္တရာယ်ကင်းရှင်းရေး၊ သပ်သပ်ရပ်ရပ်ဖြင့် အချိန်မီပြီးစီးရေး၊ လုံခြုံမှုနှင့် ကွပ်ကဲမှု စနစ်တကျရှိရေး၊ ရထားလမ်းနှင့် ကားလမ်း တစ်ပြိုင်နက် ပြီးစီးရေးအတွက် ဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

နိုင်ငံတော် အကြီးအကဲနှင့်အဖွဲ့ဝင်များသည် ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ နေ၍ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

အဆိုပါ ရေဝတီတံတား(ပခုက္ကူ)သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်အတွင်း တည်ရှိပြီး ပင်မတံတားအရှည်မှာ ၁၁၄၃၁ ပေရှိ၍ မိုင်အားဖြင့် ၂ ဒသမ ၁၆ မိုင် ရှိသည်။

ကားလမ်းတံတားအရှည် ၁၃၅၁၇ ပေ၊ မီးရထားလမ်းတံတားအရှည် ၂၀၅၉၇ ပေရှိသည်။ ပခုက္ကူဘက်ကမ်း ချဉ်းကပ်တံတား(ကားလမ်း)မှာ ၁၃၇၈ ပေရှိပြီး လက်ပန်ခြေပေါ်ဘက်ကမ်း ချဉ်းကပ်တံတား(ကားလမ်း)မှာ ၇၂၈ ပေ ရှိသည်။

ပခုက္ကူဘက်ကမ်း ချဉ်းကပ်တံတား (မီးရထားလမ်း)မှာ ပေ ၅၄၂၀ ရှိပြီး လက်ပန်ခြေပေါ်ဘက်ကမ်း ချဉ်းကပ်တံတား(မီးရထားလမ်း)မှာ ၃၇၄၆ ပေ ရှိကြောင်း သိရှိရသည်။

တံတားပေါ်တွင် နှစ်လမ်းသွားကားလမ်း အကျယ် ၂၈ပေ၊ ရထားလမ်း အကျယ် ၁၄ ပေရှိပြီး လူသွားလမ်း အကျယ် တစ်ဖက်လျှင် သုံးပေ သုံးလက်မစီ ပါဝင်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၂၆၂ ပေ၊ အမြင့် ၅၂ ပေ ရှိသည်။

တံတားအုတ်မြစ်နှင့် အောက်ထည်သည် သံကူကွန်ကရစ်ဘိုးပိုင်နှင့် တိုင်ကိုယ်ထည်ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင် ဖြစ်သည်။ မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန် (၇၅)တန် ခံနိုင်ဝန်ရှိကာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စီမံကိန်းစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရေဝတီမြစ်ကူးတံတားကြီး ငါးစင်း၏ တည်ဆောက်ပြီးစီးမှုအခြေအနေများမှာ ရေဝတီတံတား (စင်းခန်း)သည် တည်ဆောက်မှု ၆၈ ရာခိုင်နှုန်း၊ ရေဝတီတံတား(ပခုက္ကူ)သည် တည်ဆောက်မှု ၅၇ ရာခိုင်နှုန်း၊ ရေဝတီတံတား (မလွန်)သည် တည်ဆောက်မှု ၄၆ ရာခိုင်နှုန်း၊ ရေဝတီတံတား(ညောင်တုန်း)သည် တည်ဆောက်မှု ၅၃ ရာခိုင်နှုန်းနှင့် ရေဝတီတံတား (ရတနာသိယ်)သည် တည်ဆောက်မှု ၃၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ရေဝတီမြစ်ဖြတ်ကျော် တံတားကြီးများအနေဖြင့် တည်ဆောက်ပြီးတံတားကိုးစင်းနှင့် ယခု တည်ဆောက်ဆဲတံတားငါးစင်း စုစုပေါင်းတံတား ၁၄ စင်း ရှိမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



## (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၁၄-၁၂-၂၀၁၀ (အင်္ဂါနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "သစ်တုံးဥပမာ" တရားတော် (ဆရာတော်အရှင်ပညာဝံသ)
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၄)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၁)**
- ၈:၄၀ Fashion Music Festival (Part-1)
- ၉:၂၀ တန်ဆောင်မုန်းအခါသမယ မဟာဘုံကထိန်လ
- ၉:၃၅ Cartoon Show Time (SUPERMAN SHAZAM!)
- ၁၀:၀၀ ရန်ကုန်မြင်ကွင်းကျယ် (ယှဉ်ပြိုင်နွဲပျော် Safeguard ခင်းကျင်းမှုပွဲတော်)
- ၁၀:၁၅ Activities in The City -တောင်ဥက္ကလာပမြို့နယ်၏ ကမ္ဘာ့အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့အခမ်းအနား -စစ်ကိုင်းအသင်း(ရန်ကုန်)၏ (၂၅)ကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ
- ၁၀:၃၅ Celebrity Style (အဲလက်စ်နှင့်တွေ့ဆုံခြင်း)
- ၁၁:၀၅ သန့်ရှင်းသောသွေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသီတာအောင်)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ သင်ကြားရေးလမ်းညွှန် (She Yoga Club)
- ၁၂:၂၀ ကွက်လပ်ဖြည့်ပါ (ထွန်းထွန်း၊ ရဲလေး၊ သက်အောင်၊ ဖြိုးမောင်မောင်၊ မိုးပြည့်ပြည့်မောင်၊ သဇင်၊ ဒေါ်တင်တင်လှ) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
- ၁၂:၂၅ နှစ်စဉ်ဝင်ငွေတိုးစေဖို့ . . . သစ်မွှေးစိုက်ကြစို့
- ၁၂:၄၀ ရန်ကုန်မြင်ကွင်းကျယ် (Home Decoration Furniture & Electronic 2010 ပြပွဲ)
- ၁:၀၀ "သစ်တုံးဥပမာ" တရားတော် (ဆရာတော်အရှင်ပညာဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Wedding Season (Part-8)
- ၃:၀၀ Living With Technology Expo 2011 Yangon ၏ စာနယ်ဇင်းရှင်းလင်းပွဲ
- ၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၄)**
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၁)**
- ၄:၄၅ ဝိသဇ္ဇက(ပဲခူး)၏ ဗုဒ္ဓေါတပတိ တေဇသာ
- ၅:၀၅ The Champion of Dance
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Samitivej (Sirinakarin) Hospital သို့အလည်တစ်ခေါက် (အပိုင်း-၁)
- ၆:၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၅)**
- ၇:၂၀ Fashion Music Fastival (Part-2)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သူတို့ဘဝ သူတို့ဟာသ (ဦးညဏ်ပွင့်)
- ၉:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၂)**
- ၁၀:၁၀ အနုပညာမိုးကောင်းကင်
- ၁၀:၃၀ Celebrity Choice (ကျော်ကျော်ဗို)
- ၁၁:၀၀ Music Talk (မိဘမေတ္တာ)
- ၁၁:၁၀ စာအုပ်ပြခန်း (နိုင်ငံတစ်ခုကြီးပွားခြင်းစာအုပ် ရေးသားသူဆရာဇေယျသူနှင့်တွေ့ဆုံမေးမြန်းခြင်း)
- ၁၁:၂၅ နွေ၊ မိုး၊ ဆောင်း ဥတုသုံးမျိုး၏ လက်တွဲဖော်မွန်
- ၁၁:၄၅ World of Knowledge (Petronas Towers)
- ၁၂:၃၀ အရှုံးပေး၍ချစ်လိုက်သည် (ရှိုင်းသော်၊ ဝိုင်းဝိုင်းဆုလွင်) (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
- ၁၂:၅၅ Box Office Movies (SURRO GATES)
- ၁:၂၀ အသည်းကင်ဆာရောဂါ အကြောင်းသိကောင်းစရာ
- ၁:၄၅ Shooting Location [မြခွာညို(ဌက်အိမ်)]
- ၂:၀၀ မြန်မာစာ၊ မြန်မာစကား
- ၂:၁၅ ငြိမ့်ညောင်းသာယာ တယောပညာ (တယောဦးတင်ရီ)
- ၂:၄၀ ဘဝများ (ဇေယျာ-Uranium)
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်အားကစား)
- ၄:၁၅ Smart Dictionary အကြောင်းသိကောင်းစရာ
- ၄:၃၀ စကားဝါမြေမှမေတ္တာရှင် ဇီဝိတဒါနအာရောဂျသာလာ သံဃဆေးရုံ
- ၄:၅၀ တရားရိပ်ဖြင့် အေးငြိမ်းသာယာ ဇေယျတောင်တော်မဟာ
- ၅:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**ဇီဝမျိုးစုံ မျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

### ❖ မြန်မာမှ

မြန်မာစာပေတို့ကို နှစ်ပေါင်းရှည်ကြာ လေ့လာသုတေသနပြုခဲ့သူလည်းဖြစ်သည်။ ထို့နောက် ဘာသာအမြင်နှင့် စာပေအမြင်ဆိုင်ရာ စာတမ်းနှင့် ဆောင်းပါးပေါင်းမြောက်မြားစွာကို ရေးသားခဲ့ပြီး ယခုကဲ့သို့ စာအုပ်အဖြစ် ထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း တတ်စွမ်းသရွေ့ စူးစမ်းရှာဖွေ ရေးသားသွားဦးမည်ဖြစ်ကြောင်း ဆရာမောင်ခင်မင်(ဓနုဖြူ)က ထပ်လောင်း ပြောကြားသည်။

ယခုအခါ ဆရာမောင်ခင်မင်(ဓနုဖြူ) (ဒေါက်တာဦးခင်အေး)သည် မြန်မာစာအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်များထမ်းဆောင်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ နေထိုင်လျက်ရှိသည်။

### တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုထူးခြားတဲ့ဓလေ့ကို ပေါ်လွင်စေချင်

**ဦးကျော်သန်း(ဖယ်ခုံ)**

"အခုစာအုပ်က ကျွန်တော်ပထမဆုံးရေးခဲ့တဲ့စာအုပ်ပါ။ အဲဒီစာအုပ်က ဆုရရှိခဲ့တဲ့အတွက် အလွန်ဝမ်းသာမိပါတယ်"ဟု အမျိုးသားစာပေဆုကို မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဘာသာရပ်ဖြင့် ရရှိခဲ့သူ ဆရာဦးကျော်သန်း(ဖယ်ခုံ)က ဆုရရှိခြင်းနှင့် ပတ်သက်၍ဖွင့်ဟပြောဆိုသည်။

ယခုစာအုပ်ကို ရေးဖြစ်ခဲ့ခြင်းသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့အနေဖြင့် ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဓလေ့တို့ကို ထိန်းသိမ်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုစာအုပ်၌ ကယန်းလူမျိုးတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ကို လေ့လာသုတေသနပြု ရေးဖွဲ့ထားခြင်းဖြစ်သည်။

"တိုင်းရင်းသားလူမျိုးတွေရဲ့ယဉ်ကျေးမှု၊ ထူးခြားတဲ့ဓလေ့တွေကို ပေါ်လွင်စေချင်လို့ရေးခဲ့တာဖြစ်တယ်။ အချို့ဆိုရင် ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို မသိကြ၊ မရေးနိုင်ကြဘူး။ အဲဒီလိုမဖြစ်အောင် သေချာလေ့လာရေးသားခဲ့တာဖြစ်တယ်။ အများပြည်သူလေ့လာမှုနည်းတဲ့ သိသင့်သိထိုက်တဲ့ တိုင်းရင်းသားတွေ၊ ဒေသတွေရဲ့ ဓလေ့စရိုက်၊ ယဉ်ကျေးမှုတွေကိုလည်း ရှာဖွေရေးသားသွားဖို့ရှိပါတယ်"ဟု ဦးကျော်သန်း(ဖယ်ခုံ)က ဆက်လက်ရှင်းပြသည်။

ယခု'ကယန်းလူမျိုး ကယန်းဓလေ့'စာအုပ်ကို ၂၀၀၆ ခုနှစ်တွင် စတင်ရေးသားခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် အပြီးသတ်ခဲ့ကြောင်း၊ စာအုပ်အဖြစ် ၂၀၀၉ ခုနှစ်ထဲတွင် ထွက်ရှိလာခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖယ်ခုံမြို့နယ်အကြောင်းကို ရေးသားထားသည့် 'နေရစ်တော့ ပဒေသရာဇ် မိုးဗြဲနယ်' စာအုပ်ကို ရေးသားထားကြောင်း သိရသည်။

ဦးကျော်သန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ဘိုင်စွာန်ရွာ၌ ၁၉၄၁ ခုနှစ်တွင် မွေးဖွားခဲ့ခြင်းဖြစ်ပြီး ယခုလက်ရှိတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့ ဟိန်ဓမ္မာရပ်ကွက်၌ နေထိုင်လျက်ရှိကြောင်း သိရသည်။ ။

### ☆ ကျောဖုံးမှ

KNU အကြမ်းဖက်သောင်းကျန်းသူ စောလားဘွယ်အဖွဲ့မှ အဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်းသို့ အသီးသီး ဝင်ရောက်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် နိုင်လွင် ဦးစီး အင်အား ၁၂ ဦး၊ စောလှဒါး ဦးစီး အင်အား ၁၃ ဦး၊ စောအောင်ဆန်း ဦးစီး အင်အား ၁၁ဦး၊ နော်တရာ ဦးစီး အင်အား လေးဦးတို့သည်လည်းကောင်း၊ ဒီဇင်ဘာ ၁၀ရက်တွင် ချင်းလုံ ဦးစီး အင်အား ၄ ဦးတို့သည် လည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် စောစိန်သန်း ဦးစီးအင်အား ခြောက်ဦးတို့သည်လည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် စိုးမိုးသည်လည်းကောင်း အသီးသီး ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သူ စုစုပေါင်း ၅၁ ဦးအား တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ KNU အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အတွင်းတွင်လည်း ၎င်းကဲ့သို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပေါင်းတည်၌ ပညာသင်ဆုပေးအပ်

**ပေါင်းတည် ဒီဇင်ဘာ ၁၃**

ပေါင်းတည်မြို့နယ် ကရုဏာရှင် ကူညီမှုအသင်းမှ ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က မြို့မ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) သန်းတင်ခန်းမ၌ ကျင်းပရာ ပေါင်းတည်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလင်းသန့်၊ မြို့နယ်ပညာရေးမှူးဦးမောင်မောင်ဌေးတို့က အဖွင့်အမှာစကားပြောကြားပြီး ကရုဏာရှင်ကူညီမှုအသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် ဒုတိယဥက္ကဋ္ဌဦးဇော်မိုးတို့က ပညာသင်ဆုချီးမြှင့်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် သူနာပြုတက္ကသိုလ် တက်ရောက်ခွင့်ရရှိသည့် မြို့မအထက(ခွဲ)မှ ငါးဘာသာ ဂုဏ်ထူးရှင် မစိုးမြတ်နွယ်အား ကရုဏာရှင်ကူညီမှုအသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက **(ဝဲပုံ)** ပညာသင်ဆု ငွေကျပ် ၃၀၅၀၀၀ နှင့် စေတနာရှင် ဒေါ်ယဉ်ယဉ်မေ (ထူးထက်အောင်ဆန်ပွဲရုံ) ရန်ကုန်က ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (၁၃၅)



# ပေါက်ခေါင်းမြို့ မစာကြည့်တိုက် နှစ်ပတ်လည်နေ့ကျင်းပ

**ပေါက်ခေါင်း ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် "မြို့မစာကြည့်တိုက်" ၏ နှစ်ပတ်လည်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက မြို့မစာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပရာ စာကြည့်တိုက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရသူများအား အလှူရှင်အသီးသီးက ဆုများချီးမြှင့်ကြပြီး ရန်ကုန်မြို့ (၅၁)လမ်းနေ ဦးစံလင်း မန်နေဂျာ(ငြိမ်း) မြန်မာ့သစ်လုပ်ငန်း (စာရေးဆရာတွန်းအားရှင်) နှင့်ဇနီးဒေါ်မနီချေတို့က ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် ဦးစံလင်း၏ (၆၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၀၈၅၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ်ပေါင်း ၁၀၂ အုပ်နှင့် စာမူခရငွေ ကျပ်တစ်သောင်း (ဒုတိယအကြိမ်)တို့ကို လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးရဲလေး**(အပေါ်ပုံ)**က လက်ခံရယူခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

# သရက်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**သရက် ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်၌ မိုးစပါးအထွက်နှုန်းမှန်ကန်ရေးအတွက် ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်ဦးသည် ဒီဇင်ဘာ ၆ ရက်က သရက်မြို့နယ် ကိုးပင်ကျေးရွာအုပ်စု ကွင်းအမှတ် (၅၂) ဦးပိုင်အမှတ် ၁၆ ဧရိယာ ၁ ဒသမ ၃၃ ဧကရှိ ဦးတိုးမောင်၏ လယ်မြေ၌ မနောသုခစပါးမျိုးစံကွက် အဆင့်အတန်းကောင်း စံကွက်ရိတ်သိမ်းခြင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဦးငွေထွန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ကျော်နိုင်နှင့် စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဒေါ်နှင်းနှင်းအေးတို့ အတူဆောင်ရွက်ခဲ့ရာ တစ်ဧက စပါးအထွက်နှုန်း ၈၂ ဒသမ ၁၇ တင်းထွက်ရှိကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

**ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဇလွန်မြို့နယ် အား/ကာ ဦးစီးဌာနတို့ပူးပေါင်းကာ ဒီဇင်ဘာ ၄ ရက် (စနေနေ့) နံနက်က ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်သိန်း ဦးဆောင်သော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လုပ်သားပြည်သူများ စုစုပေါင်း ၁၈၀၀၀ ခန့် လူထုလှုပ်ရှားမှု လမ်းလျှောက်ပွဲ ကျင်းပစဉ်။**

(မြို့နယ် ပြန်/ဆက်)



# ပုလဲမြို့နယ် နှောကန်ကျေးရွာတွင် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

**ပုလဲ ဒီဇင်ဘာ ၁၃**

ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအုပ်စု နှောကန်ကျေးရွာ ဦးဝန်စာကြည့်တိုက်၌ နိုဝင်ဘာ ၂၈ ရက်က ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကျင်းပသည်။ ဟောပြောပွဲသို့ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းသန်းဌေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ နှောကန်ကျေးရွာမှ ပြည်သူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းသန်းဌေးက ယင်လုံအိမ်သာ ရာနှုန်းပြည့် ဆောက်လုပ်အသုံးပြုရေး၊ မိခင်သေနှုန်းကျဆင်းရေး၊ ငါးနှစ်အောက်ကလေး သေနှုန်းကျဆင်းရေးအတွက် ကျန်းမာရေး အသိပညာပေး ဟောပြောသည်။**(ဝဲပုံ)**

ထို့နောက် ကျန်းမာရေးဝန်ထမ်း ဆရာမများက ကိုယ်ဝန်ဆောင်မိခင်များ ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)



**ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး၊ စည်းကမ်းနှင့်အညီ သန့်ရှင်းသပ်ရပ်စွာ ရောင်းချရေး ပညာပေးလုပ်ငန်းများကို နိုဝင်ဘာ ၃၀ ရက်က အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးတင့်ဝေနှင့် စည်ပင်ဝန်ထမ်းများ၊ ဈေးကော်မတီဥက္ကဋ္ဌဦးကြည်နှင့် အဖွဲ့ဝင်များ ကွင်းဆင်းဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# အလက(၄) တောင်ဥက္ကလာ အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဆရာကြီး၊ ဆရာမကြီးများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးမြင့်အောင် ဖုန်း-၀၉-၅၁၃၄၆၈၅၊ ဒေါ်ဥမ္မာခင် ဖုန်း-၀၉-၅၁၁၉၉၉၇၊ ဦးကျော်ဦး ဖုန်း-၀၉-၅၁၅၃၅၇၂၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀၉၇၇၆၈၊ ဦးသိန်းနိုင် ဖုန်း-၇၃၀၀၀၂၁၁၊ ဒေါ်သီသီတင် ဖုန်း-၀၉-၅၅၀၁၄၃၀၊ ဒေါ်ဥမ္မာကြည် ဖုန်း-၀၉-၅၀၈၄၂၃၈၊ ဒေါ်ခင်ညွန့် (ကျောင်းဖုန်း)-၅၆၅၆၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အပတ်စဉ် (စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)



# လေပွေလှိုင်း မိုးရေဝင် စိုက်ခင်းများသို့ ကွင်းဆင်း၍ အသိပညာပေး

**သုံးခွ ဒီဇင်ဘာ ၁၃**

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးမန်နေဂျာ ဦးတင်အောင်ဝင်းသည် အချိန်အခါမဲ့ ရွာသွန်းခဲ့သော မိုးကြောင့် ရိတ်သိမ်းခြွေလှေ့ဆဲမိုးစပါးများနှင့် စိုက်ပျိုးပြီး၊ စိုက်ပျိုးဆဲ ပဲမျိုးစုံသီးနှံများ ထိခိုက်ပျက်စီးမှု လျော့နည်းစေရေးအတွက် သုံးခွမြို့နယ်အတွင်းရှိ စိုက်ကွင်းများသို့သွားရောက်ပြီး အသိပညာပေး ဆောင်ရွက်သည်။

ရာသီပွင့်လင်းချိန်တွင် ကောက်ပြန့်၊ ကောက်ဆိုင်အမြန်ဆုံးခြွေလှေ့ပြီးစီးရေး၊ ခြွေလှေ့ရန် အင်အားနည်းသော တောင်သူများအား ခြွေလှေ့စက်များ ငှားရမ်းသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်အဖွဲ့ဝင်များမှ ဝိုင်းဝန်းကူညီပေးရေး၊ ရေဝပ်ပဲခင်းအချို့တွင် စိမ့်မြောင်းပတ်မြောင်းများတူးဖော်၍ ရေအမြန်ဖောက်ထုတ်ရေး၊ ပဲမျိုးစုံသီးနှံများတွင် အချိန်မီ ပိုးမွှားကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များအား မြို့နယ်အသီးသီး၌ ပညာပေးဆွေးနွေးမှာကြားခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်က သုံးခွမြို့နယ်တွင် ဖြစ်ထွန်းနေသော ပဲတီစိမ်းစိုက်ခင်းများနှင့် သိုက်တူးကန်ကျေးရွာ တောင်သူဦးအုန်းကြွယ်၏ပဲတီစိမ်းစိုက်ခင်းတွင် ရေဝပ်နေရာမှ စိမ့်မြောင်းပတ်မြောင်းများဖြင့် ရေထုတ်နေပုံ**(အောက်ဝဲပုံ)**အား ကြည့်ရှု၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပညာပေးဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)



# LUCKY BIRD က Optoma အမှတ်တံဆိပ် Projector ဖြန့်ဖြူးပေးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

Lucky Bird Group of Companies က အထူးအစီအစဉ် တစ်ရပ်အနေဖြင့် Optoma အမှတ်တံဆိပ် Projector များကို ဖြန့်ဖြူးပေးလျက်ရှိသည်။

Optoma ES 526 Projector သည် DLP (Digital Light Processing) Technology ကို အသုံးပြုထားပြီး Optoma Projector အမျိုးအစား တစ်လုံးဝယ်ယူသူတိုင်းအား Projector Screen တစ်ခုလက်ဆောင်ပေးကာ အထူးချိုသာသောနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

Optoma

Resolution အနေဖြင့် 800 x 600 SVGA ရှိပြီး မီးအလင်းရောင်သည် ပုံမှန်အနေအထားတွင် image ၏ ပုံထွက်အားကို အလွန်ကောင်းမွန်စေသည်။ မီးသီးအလင်းအား 2800 ANSI Lumens အသုံးပြုထားသည့် အပြင် color wheel သည် 1073.4 Million Colors (10bit) ပါရှိသည့်အတွက် Projection Screen မှာ ပေါ်လာမည့် ပုံရိပ်များသည် သဘာဝအရည်အသွေးအတိုင်း ကြည်လင်ပြတ်သားပြီး စိုပြည်လှပသည့် ပုံရိပ်စစ်ကို ခံစားတွေ့မြင်ရမည်ဖြစ်သည်။

Screen ၏ အရွယ်အစားကိုလည်း အနီးအဝေးပေါ်မူတည်ပြီး 1 မီတာမှ 12 မီတာအထိ ပုံရိပ်အကြီးအသေးကို ချိန်ညှိပြီး ကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိနိုင်စေသည့် Zoom Ratio 4:3 ပါရှိသည့်အပြင် Optoma Projector ၏ Constrast ratio 3000:1 လည်း ပါရှိသည်။

Projection အကွာအဝေးမှာ 1မီတာမှ 12 မီတာအထိ ရရှိသည့်အတွက် Screen size ကို လိုအပ်လျှင် လိုအပ်သလို ချဲ့ခြင်း၊ ချုံ့ခြင်းများ ပြုလုပ်နိုင်ပြီး Projection လုပ်၍ရသည့် Throw Ratio မှာ 1.95-2.15 (distance/image width) ဖြစ်သည့်အတွက် Projection screen နှင့် အနီးဆုံးနေရာတွင် ထားပြီး အသုံးပြုနိုင်သည်။

Optoma Projector အမျိုးအစားသည် အကြမ်းခံပြီး ဈေးနှုန်းအလွန်သက်သာသောကြောင့် ဖျော်ဖြေရေးကဏ္ဍများ၊ ရုံးများ၊ ကျောင်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ တရားပွဲများစသည့် ကျောင်းသုံး၊ ရုံးသုံး၊ ဘက်စုံသုံး နေရာများအတွက် အထူးသင့်လျော်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Lucky Bird Trading Co.,Ltd. ရန်ကုန် အမှတ်-၃၅၅ အခန်း-၁၀၃ သိမ်ဖြူလမ်း ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅နှင့် ၃၉၉၀၁၁၊ မန္တလေး အမှတ်-၅ ၂၆လမ်း ၇၈လမ်းနှင့် ၇၉ လမ်းကြား ဖုန်း-၀၂-၂၁၅၇၂၊ နေပြည်တော် သပြေကုန်းဈေး ဖုန်း-၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မြို့နယ်သတင်းများ

# တင်းနစ်ဒိုင် အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၃

**မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ တင်းနစ်ဒိုင် အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဗိုလ်မှူးကြီး ဝင်းဆွေ (ငြိမ်း) က အဖွင့်အမှာစကား ပြောကြားသည်။**

ဆက်လက်၍ အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ တင်းနစ်ရွှေတံဆိပ်ဆုရှင် လူငယ်တင်းနစ်ဖွံ့ဖြိုးရေး အရာရှိ ဦးမောင်မောင်လေးနှင့် တင်းနစ်ဒိုင် အခြေခံသင်တန်း သင်တန်းမှူး ဒေါက်တာအောင်ကျော်ဆန်းတို့က တင်းနစ်ဒိုင် အခြေခံသင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

သင်တန်းတွင် မြန်မာတင်းနစ်ချန်ပီယံဟောင်း ဦးမောင်မောင်လေးက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပြီး သင်တန်းမှူး ဒေါက်တာအောင်ကျော်ဆန်းက အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် သင်ကြားပို့ချမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဆရာ၊ ဆရာမ ကိုးဦးအပါအဝင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ၁၆ ဦး စုစုပေါင်း ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



တင်းနစ်ဒိုင် အခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဗိုလ်မှူးကြီး ဝင်းဆွေ(ငြိမ်း) အမှာစကားပြောကြားစဉ်။ (တင်းနစ်အဖွဲ့ချုပ်)

ကြေးမုံ The Mirror နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား ကြေးမုံ The Mirror

# ချယ်လ်ဆီးအသင်း ချန်ပီယံလမ်းကြောင်းပေါ်က သွေဖည်တော့မည်လား

လန်ဒန် ဒီဇင်ဘာ ၁၃

**ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြိုင်ပွဲတွေမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတာ သဘာဝပါ။ ဘာကလေပရီမီယာလိဂ်ဆိုတာ ကမ္ဘာ့တစ်ဝန်းရှိ ပြည်တွင်းလိဂ်ပြိုင်ပွဲတွေထဲမှာ ပရိသတ်စိတ်အဝင်စားဆုံးဖြစ်သလို ပြိုင်ဆိုင်မှုကလည်း အပြင်းထန်ဆုံးပြိုင်ပွဲပါ။ ဒီလို ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုတွေကြားမှာ ချန်ပီယံဆုဖလားဆွတ်ခူးရေး၊ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး၊ ယူရိုပါလိဂ်ဝင်ခွင့်ရရှိရေးနဲ့ တန်းမဆင်းရရေးတို့အတွက် အသင်းတိုင်းက ပွဲတိုင်းကို ဂရုစိုက်ရပါတယ်။**

လက်ရှိ ပရီမီယာလိဂ်ပွဲစဉ်(၁၇) အပြီးမှာ (မန်ယူ-အာဆင်နယ်ပွဲမပါ) လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းဟာ ကစားသမားအင်အား တောင့်တင်းလှပေမယ့် အဓိကကစားသမားတွေ ဒဏ်ရာပြဿနာတွေနဲ့ ရင်ဆိုင်နေရတာကြောင့် ရလဒ်ဆက်တိုက် ဆိုးရွားပြီး ဖိအားတွေ၊ ဝေဖန်မှုတွေအောက်မှာ မလူးသာ၊ မလွန့်သာဖြစ်နေရပါပြီ။ ချယ်လ်ဆီးအသင်းဟာ နောက်ဆုံး ငါးပွဲမှာ နှစ်ပွဲရှုံး၊ သုံးပွဲသရေကျထားပါတယ်။ ဒီရလဒ်ဟာ ချယ်လ်ဆီးအသင်းကို ရုရှားသူဌေး အီဗရာမိုဗစ်ချ် လွှဲပြောင်းရယူပြီးတဲ့ နောက်ပိုင်းမှာ အဆိုးရွားဆုံးရလဒ်နဲ့ ရင်ဆိုင်ကြုံတွေ့ရတာဖြစ်ပါတယ်။ ယခင် ယခင်က သုံးပွဲလောက်ဆက်တိုက် နိုင်ပွဲပျောက်တာနဲ့ နည်းပြပြောင်းလဲပစ်ဖို့ ကြိုးစားခဲ့တဲ့ ရုရှားသူဌေးဟာ ဒီတစ်ကြိမ်တော့ ငြိမ်ချက်သားကောင်းစွာနဲ့ နည်းပြ အန်ဆန်လော့တီကို ယုံကြည်နေဆဲပါ။

ပြီးခဲ့တဲ့ တနင်္ဂနွေညက ဝှိုက်ဟတ်လိန်းမှာ စပါးကို ရင်ဆိုင်ခဲ့ရတဲ့ပွဲမှာ ချယ်လ်ဆီးခြေမရှုံးပေမယ့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရပြန်ပါတယ်။ ဒီပွဲမှာ စပါးတိုက်စစ်မှူး ပက်လူချန်ကိုက တောင်ပံကစားသမား ဂါရတ်ဘေးလ်ရဲ့ ဖန်တီးပေးနေမှုကနေ ကန်သွင်းပြီး ဦးဆောင်ဂိုးရယူနိုင်ခဲ့ပါတယ်။ တစ်ဂိုးရှုံးနေတဲ့ ချယ်လ်ဆီးဟာ ဒရော့ဘာ၊ လမ်းပတ်တို့ဝင်လာချိန်မှာ ကစားပုံကောင်းမွန်လာသလို ဒရော့ဘာက စပါးနောက်တန်း ကာကွယ်နေတဲ့ ကြားကနေ အပြင်းကန်သွင်းပြီး ချယ်လ်ဆီးအတွက် ချေပဂိုးရယူပေးနိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာ ချယ်လ်ဆီးတို့ ပယ်နယ်တီကန်ခွင့်ရခဲ့တာကြောင့် ရုရှားသူဌေး၊ နည်းပြနဲ့ပရိသတ်ထုက ဒီတစ်ကြိမ်တော့ နိုင်ပွဲပြန်ရချည်သေးရဲ့ဆိုတဲ့ အတွေးနဲ့ ပြုံးပျော်ခဲ့တာကို မြင်တွေ့လိုက်ရပါတယ်။ ဒါပေမယ့် အဲဒီ ပယ်နယ်တီဘောကို ဒရော့ဘာက လမ်းပတ်ကို ပေးမကန်ဘဲ သူကိုယ်တိုင်ကန်ခဲ့ရာမှာ စပါးဂိုးသမား ဂိုမက်စ် ကာကွယ်နိုင်ခဲ့တာကြောင့် ချယ်လ်ဆီးရဲ့ ချန်ပီယံဆု ကာကွယ်ဖို့ အိပ်မက်က ပျက်ပြယ်ခဲ့ရသလို ဖြစ်ခဲ့ရပါတော့တယ်။

အရေးကြီးတဲ့အချိန်မှာ အဆုံးအဖြတ်ဂိုးရရှိဖို့ အခွင့်အရေးရှိခဲ့ပေမယ့် ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်တာကြောင့် ချယ်လ်ဆီးအသင်းဟာ ချန်ပီယံဆိုတဲ့ လမ်းကြောင်းက သွေဖည်ရတော့မယ့် အနေအထားကို ဆိုက်ရောက်လာခဲ့ပါပြီ။ ချယ်လ်ဆီးဟာ ပွဲစဉ်(၁၇)အပြီးမှာ ရမှတ် ၃၁ မှတ်နဲ့ အာဆင်နယ်၊ မန်စီးတီး၊ မန်ယူတို့ရဲ့အောက်ကိုရောက်သွားပါပြီ။ ဒီလိုရလဒ်မကောင်းတဲ့ ချယ်လ်ဆီးရဲ့ ရှေ့ဆက်ရမယ့် ရာသီဝက်ခရီးစဉ်ကလည်း ခက်ခဲကြမ်းတမ်းတဲ့ ခယောင်းလမ်းဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ချယ်လ်ဆီးဟာ ရှေ့လာမယ့်ပွဲစဉ်(၁၈)မှာ မန်ယူနဲ့အိမ်ကွင်း၊ ပွဲစဉ် (၁၉)မှာ အာဆင်နယ်နဲ့အဝေးကွင်း၊ ပွဲစဉ်(၂၀)မှာ ခြေတက်ခြေစွာနေတဲ့ဘော်လ်တန်တို့နဲ့ ဆက်တိုက်ဆုံတွေ့ရမှာဖြစ်တာကြောင့် ချယ်လ်ဆီးရဲ့ ရာသီဝက်ခရီးစဉ်က မလှမပနဲ့ပြီးဆုံးဖို့ ရှိနေပါတယ်။

လက်ရှိချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်ပိုင်းမှာ ဒရော့ဘာ၊ အနယ်လ်ကာ၊ ကာလူး၊ စတာရက်ချ်တို့နဲ့ လူစုံနေသလို ကွင်းလယ်မှာ မီခေးလ်၊ အက်ဆီယံ၊ လမ်းပတ်၊ မာလူဒါ၊ ရာမီရစ်တို့ ကြံ့ခိုင်မှုပြည့်ဝနေပါတယ်။ နောက်တန်းခံစစ်မှာ ဂျွန်တယ်ရီကလည်း ပွဲချိန်ပြည့်ပြန်လည်ပါဝင်လာနိုင်ပါပြီ။ ဒါပေမယ့် နည်းပြအန်ဆန်လော့တီရဲ့ ဗျူဟာအခင်းအကျင်းက ရိုးလွန်းပြီး လမ်းဟောင်းကြီးအတိုင်း လိုက်နေတာကြောင့် ချယ်လ်ဆီးရဲ့အနာဂတ်က လှပဖွယ်ရာတော့ ရှိမယ်မထင်ပါဘူး။ ဒါပေမယ့်ပြိုင်ပွဲပြီးဆုံးဖို့က နောက်ထပ် ရာသီဝက်စာ ကျန်နေသေးတာကြောင့် ချယ်လ်ဆီးအသင်း ချန်ပီယံလမ်းကြောင်းပေါ်က သွေဖည်မလားဆိုတာကိုတော့ စောင့်ကြည့်ကြရဦးမှာ ဖြစ်ပါကြောင်း။ ။



**ရလဒ်ဆိုးများဖြင့် ရင်ဆိုင်နေရသည့် ချယ်လ်ဆီးနည်းပြ အန်ဆန်လော့တီ။**

ဝင်းတင်(ကြေးမုံ)

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နည်းပြ သင်တန်း (၁/၂၀၁၀)ဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

*မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် ဖူဆယ်နည်းပြသင်တန်း (၁/၂၀၁၀)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးတင်အောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။*

*အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် MFF-Tiger Futsal Cup 2010 ဖူဆယ်ပြိုင်ပွဲဝင် ကလပ်အသင်းများမှ နည်းပြများတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ကြာမြင့်သည်။ ယင်းသင်တန်းတွင် သင်တန်းနည်းပြဆရာအဖြစ် အီရန်နိုင်ငံသား ပရော်ဖက်ရှင်နယ်ဖူဆယ်နည်းပြ Mr. Alireza Raadi က တာဝန်ယူသင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိသည်။*

*(သတင်းစဉ်)*

# အာရှဖူဆယ်နည်းပြသင်တန်းအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ သင်တန်းသားများ ရွေးချယ်ခေါ်ယူသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

*အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့် AFC Futsal Level 1 Course နည်းပြသင်တန်းအား ၂၀၁၁ခုနှစ် မတ် ၁ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဟုသိရှိရပြီး သင်တန်းတက်ရောက်သူများအနေဖြင့် ဖူဆယ်အားကစားနည်းကို စနစ်တကျ ကစားတတ်သူဖြစ်ရမည့်အပြင် အနည်းဆုံး တက္ကသိုလ်ဝင်တန်းဖြေဆိုဖူးသူ၊ အင်္ဂလိပ်စာရေးနိုင်၊ ဖတ်နိုင်သူ ဖြစ်ရမည်။ ထို့အပြင် အသက်(၂၅)နှစ်မှ (၄၀)နှစ်ကြားရှိပြီး ကျန်းမာကြံ့ခိုင်သူဖြစ်ရမည်ဟုသိရသည်။ အဆိုပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဌာန ဖုန်း-၀၁-၅၇၇၃၆၆ နှင့် ၀၁-၅၆၁၅၃၉ တို့သို့ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။*

*(သတင်းစဉ်)*

# ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန EMBA 1st-9th Batch ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် ညနေ ၆ နာရီခွဲမှ ည ၉ နာရီခွဲထိ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများနှင့် ညစာစားပွဲလက်မှတ်များကို ကိုချန်ထွန်း ဖုန်း-၀၉-၄၉၂၃၂၉၀၀၊ ကိုမင်းဦး ဖုန်း-၀၉-၅၀၀၇၁၆၆၊ ကိုအောင်နိုင်ဝင်း ဖုန်း-၀၉-၈၀၂၀၀၇၉၊ ကိုမောင်မောင်လတ် ဖုန်း-၀၉-၅၀၀၇၂၄၉၊ ကိုသစ်လွင်ဦး ဖုန်း-၀၉-၅၁၈၇၆၇၀၊ ကိုကျော်ကျော် ဖုန်း-၀၉-၅၀၁၉၅၀၀၊ ကိုဝင်းထွန်း ဖုန်း-၀၉-၅၀၀၀၆၉၉၊ ၀၉-၅၁၁၈၈၆၁၊ ကိုကောင်းငြိမ်းစိုး ဖုန်း-၀၉-၂၀၁၇၈၇၁၊ ကိုလှထွန်းဖြူ ဖုန်း-၀၉-၅၀၁၈၈၅၇ တို့သို့ အလှူငွေနှင့် ညစာလက်မှတ် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)



**မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေး တိုးချဲ့ဆောင်ရွက်မှုကို အောင်ဇေယျရပ်ကွက်၌ ရေဖြန့်ဝေနိုင်ရေး နောက်ဆုံးအဆင့် ရေပိုက်လိုင်းများ ဆက်သွယ်ဆောင်ရွက်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင် ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် အင်ဂျင်နီယာ ဦးအောင်နိုင်ဝင်းတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြတင်စဉ်။** (မြို့နယ်စည်ပင်)



**မိုးကောင်း မြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ဆဌမအကြိမ် စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပရာ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများက လှူဖွယ်ပစ္စည်းများဖြင့် စုပေါင်းလှူဒါန်းကြ၍ ထို့နောက် အတွင်းရေးမှူး ဦးချစ်မောင် ဦးဆောင်သော သက်ကြီးပုဂ္ဂိုလ် ၁၃ ဦးတို့အား ဂါရဝပြုငွေများ ပေးအပ်ကြစဉ်။**

(ကြေးမုံ)

# New Mobile ၏ နှစ်ကုန် ဈေးလျှော့ရောင်းပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

နှစ်စဉ် ဒီဇင်ဘာလ၌ ကျင်းပလျက်ရှိသည့် “New Mobile” ၏ နှစ်ကုန် အထူးဈေးလျှော့ရောင်းချပွဲကို ဆိုင်ခန်းတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း အမှတ် (၂၇၀/၂၇၃)ရှိ အရောင်းခန်းမ၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရောင်းချပွဲတွင် စင်ကာပူနိုင်ငံမှ မှာယူတင်သွင်းသည့် GSM ဟန်းဆက်များ၊ CDMA(450)MHz နှင့် (800)MHz ဟန်းဆက်နှင့် အထိုင်ဖုန်းများကို ယခင်ရောင်းဈေးထက် ပစ္စည်းအမျိုးအစားအလိုက် ငွေကျပ် ၅၀၀၀ မှ ငွေကျပ် ၄၀၀၀၀ အထိ ဈေးလျှော့ရောင်းချ သွားမည်ဖြစ်ပြီး ရောင်းချမည့် ပစ္စည်းများကိုလည်း သုံးလအာမခံ စနစ်ဖြင့် တာဝန်ယူရောင်းချသွားမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း Nokia Smart Phone ကိုင်ဆောင်သူများ ကြိုက်နှစ်သက်ရာ Software သုံးခုကို အခမဲ့ သွင်းပေးခြင်း(သို့မဟုတ်) Version များကို အခမဲ့ အဆင့်မြှင့်တင်ပေးခြင်း အစီအစဉ်များအပြင် DEFINED အသံထွက် မိုဘိုင်းအဘိဓာန်နှင့် Yellow Mobile ဆော့ဝဲလ်များကို ၅၀ ရာခိုင်နှုန်း Discount နှုန်းထားဖြင့် သွင်းယူနိုင်မည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်၊ နေပြည်တော် CDMA 450 MHz နှင့် 800 MHz ဖုန်းကိုင်ဆောင် လျှောက်ထားလိုသူများ အတွက်လည်း ပွဲတော်ကာလအတွင်း ဝန်ဆောင်မှု ပြုလုပ်ပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၆၅၉၄ နှင့် ၀၉-၅၀၉၁၂၈၂ တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

## နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင် အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာအမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ လက်နက်ကိုင်အဖွဲ့အစည်းများအတွင်း အချင်းချင်း ပြဿနာများ ရှိနေခြင်း၊ ၎င်းတို့၏လုပ်ရပ်များအပေါ်တွင် ၎င်းတို့ကိုယ်တိုင် ယုံကြည်မှုမရှိခြင်းနှင့် မှန်ကန်ကောင်းမွန်မှုမရှိသော မှားယွင်းသည့် လုပ်ရပ်များအပေါ် နားလည်သဘောပေါက်လာသည့်အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ရင်ခွင်သို့ အသီးသီး အလင်းဝင်ရောက်လျက်ရှိသည်။

**စာမျက်နှာ ၉ ကော်လံ ၆ သို့** ☆

## မြန်မာဆိုတာ မြန်မာ့ဓလေ့စရိုက်လက္ခဏာကို သိရှိတန်ဖိုးထားဖို့လို ကိုယ့်စာပေ၊ ကိုယ့်ဘာသာကို တတ်စွမ်းသမျှ သိအောင်ကြိုးစား

**၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုများကို ကြေညာခဲ့ပြီးနောက် ကြေးမုံသတင်းအဖွဲ့သည် ဆုရွေးချယ်ခံရသည့် စာရေးဆရာများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။ ယခုဆက်လက်၍ တွေ့ဆုံမေးမြန်းရန်ကျန်ရှိနေသည့် စာရေးဆရာနှစ်ဦးဖြစ်သည့် ဆရာမောင်ခင်မင်(ဓနုဖြူ)၊ ဆရာဦးကျော်သန်း (ဖယ်ခုံ)တို့နှင့်လည်း တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။**




ဆရာမောင်ခင်မင်(ဓနုဖြူ)သည် စာပဒေသာ ဘာသာရပ်တွင် **"ဘာသာအမြင်စာပေအမြင်"** စာအုပ်ဖြင့် အမျိုးသားစာပေဆု ရွေးချယ်ခံရသူဖြစ်သည်။

"ကိုယ်မသိသေးတာတွေကို သိချင်တဲ့ စူးစမ်းချင်တဲ့ဆန္ဒ၊ မြန်မာစာပေနဲ့ ဘာသာစကားကို လေ့လာလိုသူတွေ သိစေချင်တဲ့ဆန္ဒတွေနဲ့ သုတေသနလုပ်ခဲ့ရင်းကနေ ခုလို စာအုပ်အဖြစ် ထုတ်ဝေနိုင်ခဲ့တယ်။ ကျွန်တော့်တစ်သက်တာလုံး သုတေသနပြုလာခဲ့ရတဲ့ ရလဒ်ကနေ ထုတ်ဝေခဲ့တဲ့စာအုပ်က ဆုရတာဖြစ်တဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်"ဟု ယခုဆုရွေးချယ်ခံရခြင်းနှင့် ပတ်သက်ပြီး ဆရာမောင်ခင်မင်(ဓနုဖြူ)က ဖွင့်ဟပြောဆိုသည်။

စာရေးဆရာမောင်ခင်မင်သည် ယခုဆုကို ဒုတိယအကြိမ်အဖြစ် ရရှိခဲ့သူထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ပထမအကြိမ်ကို ၂၀၀၂ ခုနှစ်တွင် **'နှစ်လေးဆယ် ဘဝမှတ်တိုင်များ'** စာအုပ် စာပဒေသာ ဘာသာရပ်ဖြင့်ပင် ရရှိခဲ့ခြင်းဖြစ်ပြီး ခုနစ်နှစ်အကြာတွင် ယခုဒုတိယအကြိမ်ကို **'ဘာသာအမြင်စာပေအမြင်'** စာအုပ်ဖြင့် ဆုရွေးချယ်ခံရခြင်းဖြစ်သည်။

"မြန်မာဆိုတာ မြန်မာ့ဓလေ့စရိုက်လက္ခဏာကို သိရှိဖို့၊ တန်ဖိုးထားတတ်ဖို့လိုတယ်။ မြန်မာအကြောင်း ကောင်းကောင်းသိဖို့အတွက် အခြေခံက မြန်မာဘာသာစကားနဲ့ မြန်မာစာပေဖြစ်တယ်။ အဲဒါတွေက မြန်မာ့ဓလေ့စရိုက်ကို ထင်ဟပ်စေတဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်။ ဒီကနေ့ မျိုးဆက်သစ်တွေအနေနဲ့ အဲဒါတွေကို ခြေခြေမြစ်မြစ် သိထားသင့်တယ်။ ကိုယ့်စာပေ၊ ကိုယ့်ဘာသာကို တတ်စွမ်းသမျှ သိအောင်ကြိုးစားထားရမယ်" ဟု မြန်မာစာပေနှင့်ပတ်သက်၍ ယနေ့ခေတ်လူငယ်များ သိရှိလေ့လာထားသင့်ကြောင်းကို ဆရာက ရှင်းလင်းပြောကြားသည်။




ဆရာမောင်ခင်မင်သည် သုတေသနပြုခြင်းကို ဝါသနာထက်သန်သူတစ်ဦးဖြစ်ပြီး ထိုစိတ်ဆန္ဒဖြင့်ပင် မြန်မာ့ဓလေ့၊ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❖

**အမျိုးသားစာပေဆုရ စာပေပညာရှင်များနှင့် တွေ့ဆုံခြင်း**

ရဲဝင်းဆောင်
အေးမင်း